www.burmeseclassic.com

မော့ရင်းရယ်စရာ

# အရက်လောက

## ဟာသများ

ခင်မောင်တိုး (မိုးမိတ်)

---

BOTTOMS UP WITH

# DIRNKING JOKES

Compiled by
GRATTIAN VAS

ကြယ်စင်လင်းစာအုပ်–၁

www.burmeseclassic.com

**စာမူခွင့်ပြုအမှတ်**
၅၃၈/၉၈(စ)
**မျက်နှာဖုံးခွင့်ပြုအမှတ်**
၄၄၉/၉၈(၉)
**မျက်နှာဖုံးနှင့်**
**အတွင်းသရုပ်ဖော်**
ဘငွေးကြည်
**မျက်နှာဖုံးကာလာခွဲ**
Prestige
**အတွင်းဖလင်**
ရဲငွေး
**ကွန်ပျူတာစာစီ**
ခွန်မျိုး
**စာအုပ်ချုပ်**
ကိုမြင့်
**စီစဉ်ထုတ်လုပ်မှု**
M.H. Maung

**မျက်နှာဖုံးနှင့်**
**အတွင်းပုံနှိပ်သူ**
ဒေါ်ရွှေ (၀၂၀၇၉)
သုခပုံနှိပ်တိုက်
၁၂၈/၄၆ လမ်း
ရန်ကုန်မြို့။
**ထုတ်ဝေသူ**
ဦးတင်အုန်း (၁၉၄၃)
မိုးမင်းစာပေ
၉၃/ရိပ်သာလမ်း၊
သင်္ဃန်းကျွန်း၊
ရန်ကုန်မြို့။
**ပုံနှိပ်ခြင်း**
ပထမအကြိမ်
၁၉၉၉ ခုနှစ်၊
မတ်လ
အုပ်ရေ ၁၀၀၀

www.burmeseclassic.com

# မာတိကာ



| | | |
|---|---|---|
| ၁။ | မျှော်လင့်ပါတယ် | ၁ |
| ၂။ | အေး ...ပြောတော့ကွာ | ၂ |
| ၃။ | တစ်ခုပဲရှိတယ် | ၄ |
| ၄။ | ရောင်းစားမယ့်ပုံလား | ၅ |
| ၅။ | ညီလိုက်တဲ့သွားတွေ | ၆ |
| ၆။ | စမ်းကြည့်ချင်လွန်းလို့ပါ | ၈ |
| ၇။ | မသေဘဲ ဘဝပြောင်း | ၉ |
| ၈။ | ကဲ ...ဘယ်လိုလဲ | ၁၀ |
| ၉။ | ငမူး | ၁၂ |
| ၁၀။ | ကားကို လူထင်တယ်ကွ | ၁၄ |
| ၁၁။ | ရှက်ပြီး သတ်သေမယ့်ဘီယာ | ၁၅ |
| ၁၂။ | ဒါတော့ သိဘူး | ၁၆ |
| ၁၃။ | ရန်သူအစစ် | ၁၉ |

www.burmeseclassic.com


၁၄။ လူတူမို့လို့ပေါ့ ၂၀
၁၅။ တစ်ခွက်သောက်ရမယ့်အရေး ၂၂
၁၆။ အမြင် ၂၃
၁၇။ ဂုဏ်ပြုချင်လို့ ၂၄
၁၈။ တစ်ခါမူး တစ်ခါစူး ၂၆
၁၉။ အမြင်နှယ် မှားနိုင်ရန်ကော ၂၇
၂၀။ ထွက်ချင်လှပြီဗျ ၂၈
၂၁။ သန်နိုင်ဆေးအစစ် ၃၀
၂၂။ အိမ်လှုပ်နေတယ် ၃၂
၂၃။ အထက်တန်းလွှာတဲ့ ၃၃
၂၄။ အမြတ် ၃၄
၂၅။ အရက်ဆိုင် မဟုတ်တော့ ၃၆
၂၆။ အမူးပြေအောင် လုပ်နည်း ၃၈
၂၇။ စာနာပါဦး ၃၉
၂၈။ အဲဒါ ‘ကေမားကတ်’က သံတုတ်ပဲ ၄၀
၂၉။ သူလေးကလည်း အလာသား ၄၃
၃၀။ ဆက်စပ်မှုရှိတာပေါ့ါလေ ၄၄
၃၁။ ဒါလေးတော့ ၄၆
၃၂။ ပူလိုက်ရတာ ၄၇
၃၃။ စာနာလိုက်ကြတာ ၄၈
၃၄။ မြွေမြွေချင်း ၅၀
၃၅။ ဝင်နည်း ၅၁
၃၆။ ငိုလောက်ပါရဲ့ ၅၂
၃၇။ မင်းက ဘယ်လိုလဲ ၅၄
၃၈။ ကျုပ် ဘယ်လိုတက်လာလဲ ၅၅

၃၉။ ငါလေ ...ထပ်လှူပ်လိုက်ရ ၅၆
၄၀။ ခွေးရှာပုံတော် ၅၈
၄၁။ ညီတူမျှတူ ၅၉
၄၂။ သည်လောက်တောင်ချစ်သလားကွယ် ၆၀
၄၃။ ခုမှ မူးသွားတော့တယ် ၆၂
၄၄။ တော်သေးတာပေါ့ ဆရာရယ် ၆၃
၄၅။ အမှန်တရားပဲ ၆၄
၄၆။ အဲဒီလူ ၆၆
၄၇။ မသောက်သူတွေကြောင့် ၆၇
၄၈။ ဗေဒင် ၆၈
၄၉။ အောင့်သက်သက် ၇၀
၅၀။ ‘ကျုပ်’နှစ်ယောက် ၇၂
၅၁။ အဝင်နည်းနေပါတယ် ၇၃
၅၂။ ကျောချမ်းစရာကြီး ၇၄
၅၃။ ကွက်တိ ... ကွက်တိ ၇၆
၅၄။ တိုတိုပဲပြော ၇၈
၅၅။ နောက်ဆုံးကျမှ ၇၉
၅၆။ အံ့ရောဗျာ ၈၀
၅၇။ အမိန့်တော်မြတ် ၈၂
၅၈။ မေ့ချင်ပါလျှက် ၈၄
၅၉။ အသက် ၈၅
၆၀။ သွေးသံရဲရဲ တိုက်ပွဲ ၈၆
၆၁။ သူ့ရေချိန် ၈၈
၆၂။ အရက်နှင့်အလှ ၉၀
၆၃။ သေပွဲ ၉၁

၆၄။ ဒါ...ငရဲ ၉၂
၆၅။ တော်သေးရဲ့ ၉၅
၆၆။ မဆိုင်တာ ဆွဲမထည့်နဲ့ ၉၆
၆၇။ ရက်စက်လိုက်လေ ၉၇
၆၈။ 'ပက်ဒီ' တော်သည် ၉၈
၆၉။ သိချင်တာပါ ၁၀၀
၇၀။ ညနှင့်မနက် ၁၀၁
၇၁။ ခင်ဗျားတို့ခက်တယ် ၁၀၂
၇၂။ သောက်စမ်းပါ ၁၀၄
၇၃။ ကိုယ့်ပြဿနာနဲ့ကိုယ် ၁၀၅
၇၄။ တော်လွန်းလို့ပါကွာ ၁၀၆
၇၅။ ငဲ့တာတဲ့ ၁၀၈
၇၆။ ပါးစပ်ကို အနားပေးရအောင် ၁၀၉
၇၇။ သည်မိန်းမ ၁၁၀
၇၈။ ဒုက္ခော ၁၁၂
၇၉။ သူခိုးက လူလိုဟစ် ၁၁၃



## မျှော်လင့်ပါတယ်

"ရုံးတော်က မင်းကို ဒီတစ်ကြိမ်သက်ညှာဦးမယ်လို့ မျှော်လင့်သေးသလား၊ မင်း အရက်မူးပြီး ရုံးတော်ကို ခုလို ပုံပျက်ပန်းပျက် ရောက်ရောက်လာတာ အကြိမ် ၂၀ ရှိသွားပြီ"

"မျှော်လင့်ပါတယ်၊တရားသူကြီးခင်ဗျား၊ပုံမှန်ဖောက်သည်တစ်ဦးလို ကျွန်တော် ဆက်ဆံခံချင်ပါတယ်"


## အေး ...ပြောတော့ကွာ

ညကအသောက်လွန်သွားသူတစ်ယောက်သည်နောက်နေ့ အိပ်ရာမှအနိုးတွင် ဆေးရုံရောက်နေကြောင်း သိလိုက်ရ၏။ သူ့ ခုတင်ဘေးမှာ သူ့အခင်ဆုံး သူငယ်ချင်း ထိုင်နေသည်ကိုလည်း တွေ့လိုက်၏။

"ဘယ်လိုဖြစ်တာလဲ သူငယ်ချင်း"

သူက ဇဝေဇဝါဖြစ်နေပုံဖြင့် မေးလိုက်၏။

"အေး ... ဖြစ်ပုံကို ငါပြောပြမယ်၊ မနေ့ညကမင်းသိပ်ကိုများသွားတယ်၊ဒီတော့မင်းကမူးမူးနဲ့ပြတင်းပေါက်



ဆီလျှောက်သွားတယ်၊ နောက် ပြတင်းပေါင် ပေါ်တက်တယ်ကွာ၊ နောက်ပြီး ‘ငါ မြို့ပေါ် ပျံမယ်ဟေ့’လို့ ပြောတယ်ကွာ”

သည်တွင် လူနာက စူးစူးရဲရဲ အော်မေးလိုက်၏။

“ဟ... မင်း ငါ့ကိုမတားဘူးလား၊ မင်းဘယ်လိုသူငယ်ချင်းလဲ”


“ဟေ့ကောင် ... မင်းအရမ်းအော်မနေနဲ့၊ မနေ့ညကတော့ ငါကလဲ မင်းတကယ် ပျံနိုင်မယ် ထင်နေတာကိုး”

## တစ်ခုပဲရှိတယ်

လူတစ်ယောက်သည် နာရီအတော်ကြာအောင် ဘား ကောင်တာတွင် ရပ်လျှက် အရက်ဆိုင်ရှင်အား သူ့စွမ်း ဆောင်မှုကြီးတွေအကြောင်း ပြောပြနေ၏။

"ကဲ ကဲ ... စွမ်းဆောင်မှုတွေအကြောင်း ကြားရတာ များနေပါပြီ၊ ခင်ဗျား မစွမ်းဆောင်နိုင်တာတွေကိုလည်း တစ် လှည့်ကြားပါရစေဦး" ဟု ဆိုင်ရှင်က တောင်းဆိုလိုက်ရာ ထိုလူက ...

"တစ်ခုပဲရှိတယ်၊ ကျုပ်အရက်ဖိုး မပေးနိုင်ဘူး"တဲ့





## ရောင်းစားမယ့်ပုံလား

လိုင်စင်မရှိဘဲ အရက်တစ်လုံး ရောင်းမှုဖြင့် ‘ပက်ထရစ်’ကို ရုံးတော်မှ ခေါ်ယူလိုက်၏။ ပက်ထရစ် ရောက်လာသည့်အခါ သူ့ရှေ့နေက ဂျူရီလူကြီးများအား “သူ့ကို သေသေချာချာလည်း လေ့လာအကဲခတ်ကြည့်ကြပါဦးဗျာ၊သူ့မှာ အရက်တစ်လုံးရှိရင် ရောင်းစားမယ့်လူစားမျိုးလို့ လူကြီးမင်းတို့ ရိုးရိုးသားသား ယူဆကြပါသလား” ဟု လျှောက်လဲ၏။

ဂျူရီလူကြီးများက ပက်ထရစ်ကို တစ်ချက် အကဲခတ်ကြ၏။ ပက်ထရစ်မှာ လုံးဝအပြစ်မရှိကြောင်း ဂျူရီလူကြီးများ သဘောပေါက် လက်ခံသွားကြ၏။



## ညီလိုက်တဲ့ သွားတွေ

အိမ်တစ်အိမ်မှာ သွား၍စောင့်အိပ်ပေးရမည်ဟု 'မစ်ကီ'က 'ပက်'အား ပြောပြရာ ပက်က သူပါ လိုက်မည်ဆို၏။ ထို့ကြောင့် သူတို့နှစ်ယောက် အတူ ထွက်လာခဲ့ကြ၏။ လမ်းတွင် ပက်က တစ်ခွက်နှစ်ခွက်လောက် ဝင်ချလိုက်ရန် အဆိုပြု၏။ သူတို့ ဝင်ချကြ၏။ ကောင်းကောင်း လေရသွားကြ၏။ ထို့ကြောင့် စောင့်အိပ်ပေးရမည့် အိမ်လိပ်စာကို မစ်ကီ မေ့သွားတော့၏။

“အိမ်က ဘယ်မှာလဲ”

ပက်က မေးကြည့်လိုက်၏။

“လမ်းကတော့ ဒီလမ်းပဲကွ၊ အိမ်နံပါတ်ကို ငါမမှတ်မိတော့ဘူး”

မစ်ကီ အာလေးလေးဖြင့် ဖြေ၏။

သူတို့နှစ်ယောက် စမ်းတဝါးဝါး ဆက်လျှောက်ကြ၏။ တစ်နေရာအရောက်တွင် မစ်ကီသည် သူရှာနေသည့်အိမ်ဟု ထင်ရသော အိမ်တစ်လုံးကို မျက်စိမှေး၍ ကြည့်လိုက်၏။

သေချာပြီဟု ယူဆပြီး အိမ်နား ယိုင်ထိုးယိုင်ထိုး ကပ်သွားကြ၏။ ဝန်းကျင်တစ်ခွင်လုံး မှောင်နေ၏။ အဝင်တံခါးကြီးကို သူတို့ဖွင့်ကြ၏။ ဧည့်ခန်းကလည်း မှောင်နေ၏။ သို့သော် ဧည့်ခန်းတစ်နေရာရှိ စန္ဒရားပေါ် တင်ထွန်းထားသော ဖယောင်းတိုင်မီး၏ မှိန်ပျပျ အလင်းရောင်ကလေးတော့ ရှိနေ၏။

သူတို့ စန္ဒရားရှေ့ အရောက်သွားကြ၏။ ဒူးထောက်ဆုတောင်းကြ၏။ ဆုတောင်းအပြီးမှာ ပက်က စန္ဒရားကြီးကို အတန်ကြာ စိုက်ကြည့်နေပြီး ...

“ဟော့ ...မစ်ကီ၊ မောင်ရင့်သူငယ်ချင်းကိုတော့ ကိုယ်မမြင်ဖူးပါဘူး၊ ဒါပေမယ့် သူ့သွားတွေ သိပ်ကို ညီတာတော့ အသေအချာပဲကွ”ဟု ပြောပြလိုက်၏။


## စမ်းကြည့်ချင်လွန်းလို့ပါ

ခြေထောက် သွက်ချာပါဒ လိုက်သွားသဖြင့် 'ပက်'ကို ဆရာဝန်က အကြိမ်ကြိမ် အခါခါ စစ်ဆေးစမ်းသပ်ခဲ့၏။

"ဆရာရယ် ...ဟောဟို စားပွဲပေါ်မှာ ဝီဝကီတစ်ခွက် တင်ထားပေးစမ်းပါဗျာ၊ အဲဒီခွက်ဆီရောက်အောင် မလျှောက်နိုင်တော့ဘူးဆိုရင်ဖြင့် ကျွန်တော့်ဘဝဆုံးပါပြီဆရာ"

'ပက်'က ဝမ်းနည်း ကြေကွဲပုံဖြင့် ပြောလိုက်လေ၏။





## မသေဘဲ ဘဝပြောင်း

တစ်ခွက်ဝင်သွားတော့ ၁၀နှစ်ငယ်သွားတယ်လို့ သူခံစားရတယ်၊ နှစ်ခွက်ဝင်သွားတော့ လူသစ်တစ်ယောက်ဖြစ်သွားတယ်လို့ သူခံစားရတယ်၊ သုံးခွက်ဝင်သွားတဲ့အခါ ကလေးငယ်လေး ပြန်ဖြစ်သွားတယ်လို့ သူခံစားရတယ်၊ အဲဒီ ခံစားမှုနဲ့ပဲ သူ့အိမ်အရောက် ဝမ်းလျားထိုးသွားတော့တာပါပဲ။



## ကဲ ... ဘယ်လိုလဲ

လူတစ်ယောက်သည် တွေ့သမျှလူတိုင်းကို အရက်ဆိုင်ထဲ ဖိတ်ခေါ်ပြီး "ကျုပ်သောက်ရင် ခင်ဗျားတို့ လိုက်သောက်ကြပါ"ဟု အော်ပြောလိုက်သည်။ သူ တစ်ခွက်ကုန်အောင် သောက်လိုက်သည်။ ပြီးတော့ ထပ်အော်ပြောပြန်၏။

"ကျုပ် နောက်တစ်ခွက် ယူမယ်၊ ခင်ဗျားတို့လဲ နောက်တစ်ခွက်စီ လိုက်ယူကြပါ"

လူတိုင်းက သူ့ကို ကျေးဇူးတင်ကြသည်။ အားလုံး တစ်ပြိုင်တည်း သောက်လိုက်ကြသည်။ ခဏအတွင်းမှာထို လူ့ခွက်ထဲက အရက် ကုန်သွား၏။ သည်အခါ သူသည် ပိုက်ဆံအိတ်ထဲမှ နှစ်ဒေါ်လာ ထုတ်ယူပြီး ကောင်တာပေါ် ပစ်ချလိုက်၏။ ပြီးတော့ အော်ပြောလိုက်၏။

"ကဲ ... ကျုပ် ပိုက်ဆံပေးပြီးပြီ၊ အားလုံး လိုက်ပေး ကြပါ"

**ငမူး**

ရဲဌာနအတွင်းမှာ ဆာဂျင်က ဖုန်းကိုင်ထား၏။ တစ်ဖက်မှ ပြောနေသူ အသံမှာ ဗလုံးဗထွေးနိုင်လှ၏။ ပြစ်တင်သံပါနေ၏။


"ရဲအရာရှိကြီးခင်ဗျား ...ကျွန်တော် ခိုးမှုဖွင့်ချင်လို့ပါ။ ကျွန်တော့်ကို လုသွားကြတယ်လေ၊ကျွန်တော့်ကားထဲက ပစ္စည်းတွေ လူလိမ်လူကောက်တွေ ခိုးပြေးသွားပြီ ... သွားပြီ"

"ဘာပစ္စည်းတွေ ပါသွားသလဲ"

ဆာဂျင်က ဖြတ်မေးလိုက်၏။

"အိုး အားလုံး...အားလုံး၊ လက်ကိုင်ဘီး၊ ဘရိတ်၊ ဒဲ့ရှ်ဘုတ်၊ အရှယ်လယ်ရိတ်တာ ... အိုး ...အားလုံး ...ကုန်ပြီ၊ ပါးသွားပြီ ..."

ဆာဂျင်က ရယ်ချင်လာ၏။ သို့သော် စုံစမ်းပေးပါမည်ဟု ပြန်ပြောပြီး "အလကား ငမူးကောင်"ဟု ရေရွတ်လိုက်၏။ ဖုန်းကိုလည်း ပြန်ချလိုက်၏။




ငါးမိနစ်အကြာမှာ ဖုန်းမြည်လာပြန်၏။ ဆာဂျင်နားထောင်၏။ စောစောက ငမူးကောင်၏အသံပင်။


"အမှူပိတ်လိုက်ပါတော့၊ ဘာမှ မဖြစ်ဖူးလေး ...၊ ကျွန်တော် မားသွားတာ၊ ခု ကားနောက်ခန်းထဲ ကျွန်တော်...ပြန်ရောင်းနေပြီးလေး ...နော ..."

## ကားကိုလူထင်တယ်ကွ

အမူးသမားတစ်ယောက်သည် အရှိန်ပြင်းပြင်းမောင်းသွားသော မီးသတ်ကားကြီးကို ပြေးနေသောလူတစ်ယောက်ထင်ပြီး မီးသတ်ကားနောက်မှ အပြေးလိုက်လေတော့၏။ သို့သော် ကိုက်တစ်ရာလောက်အရောက်မှာ အမောဆို့ လဲကျသွားတော့၏။ သည်တွင် သူက ...

"အေး ...အေး၊ မင်းအနိုင်ရပါတယ်၊ ဒါပေမယ့် မင်းလက်ထဲက ရေခဲမုန့်ကြီးကိုတော့ မြဲမြဲ ကိုင်ထားဦးပေါ့ကွာ"






## ရှက်ပြီး သတ်သေမယ့် ဘီယာ

မကျေမနပ်ဖြစ်နေသော ဖောက်သည်တစ်ယောက်က မဲ့၍ ရွဲ့၍ ပြောလိုက်၏။

"မကောင်းလိုက်တဲ့ဘီယာ၊ ဟောဒီ ဘီယာသာ ခေါင်းပါခဲ့ရင် ရှက်ပြီး ဖွဲကြိုးချ သေမှာ အမှန်ပဲ"တဲ့။



## ဒါတော့ သိဘူး

'ဂရင်ဘီ'က သူ့ကိုယ်သူ အရက်အကြောင်း ကောင်းကောင်းကျွမ်းသူဟု ထင်နေသည်။ ထို့ကြောင့် တစ်ညမှာ 'လိတ်တာဟိုး အရက်ဆိုင်'တွင် သူ မူးမူးနှင့် ၁၀၀ကြေး အလောင်းအစား လုပ်လေတော့၏။ ကြိုက်တဲ့အရက် ယူလာခဲ့၊ သူ မြည်းကြည့်ပြီး အမျိုးအစားခွဲပြမည်၊ ထုတ်လုပ်သူ(သို့) ကုမ္ပဏီကိုပါ ပြောပြလိုက်ဦးမည်ပေါ့။ သည်တွင် ဆိုင်ရှင်က သဘောတူပြီး လောင်းကြေးထပ်၏။

ဆိုင်ရှင်က အရက်တစ်ခွက် လာချ၏။ ဂရင်ဘီက တစ်ဝက်လောက်သောက်ချလိုက်ပြီး ချက်ချင်းပင် "ဟင်း ဒါလေးများ၊ ဒါ ပြောင်းအရက်၊ 'ကနေဒီယန်ကလပ်'ကျ ထုတ်တာ"ဟု ပြောပြလိုက်၏။

အရက်ဆိုင်စားပွဲထိုးက တစ်ခြားပုလင်းတစ်လုံးထဲမှ အရက်ကို ဖန်ခွက်ထဲ လာဖြည့်ပေးပြန်၏။ ဂရင်ဘီ မြည်း ကြည့်လိုက်၏။

"အား ... ဒါ 'စကော့ချ်' ပဲ"

"ဘယ်သူထုတ်တာလဲ၊ ပြောဦးလေ"

ဆိုင်ရှင်က မေး၏။

"ဘယ်လင်တိုင်းရဲ့ အရက်ပေါ့ဗျာ၊ ဟုတ်ပါတယ်နော်"

ဂရင်ဘီက သွက်သွက်လက်လက်ပင် ဖြေလိုက်၏။

"ဟုတ်ပါတယ်၊ မှန်ပါတယ်၊ ကဲ ...နောက်တစ်မျိုး၊ ရော့"

ဂရင်ဘီ တစ်ငုံ ငုံကြည့်လိုက်၏။ စဉ်းစားမနေဘဲ ...

"ပက်တီ"ဟု ဖြေလိုက်၏။

"ကဲ ...ရော့၊ ဟောဒါက နောက်တစ်မျိုး"

ဂရင်ဘီ တစ်ကျိုက်မော့၏။ မဆိုင်းမတွပင် ...

"ဘိုးဝါးဘွန်"ဟု ပြောပြလိုက်၏။

"ဘယ်သူ့အရက်လဲ"

ဆိုင်ရှင်က မေး၏။

"အိုးဂရင်းဒက်လေဗျာ"

ဩဘာလက်ခုပ်သံတွေ တဖြောင်းဖြောင်း ပေါ်ထွက်လာ၏။

သည်အခိုက် ဆိုင်ရှင်သည် နောက်ခန်းထဲ လှစ်ခနဲ ဝင်သွား၏။ ချက်ချင်းဆိုသလိုပင် ဖန်ခွက်တစ်လုံးကိုင်ပြီးပြန်ထွက်လာ၏။ ဆိုင်ရှင်က ဖန်ခွက်ကို ဂရင်းဘီထံ လှမ်းပေးရင်း ...


"ကဲ ... ဟောဒါရော" ဟုမေး၏။

ဂရင်းဘီ နည်းနည်းမြည်း၏။ ရုတ်တရက်ပင် ထွီကနဲ ထွေးချလိုက်၏။

"အိုး ... ဒါ သေးတွေပဲ"

သည်တော့ ဆိုင်ရှင်က ...

"ဟုတ်လိုက်လေဗျာ၊ ဒါထက် ဘယ်သူ့ရဲ့ ..."



**ရန်သူအစစ်**

"အရက်ဟာ ကျုပ်ရန်သူပဲ၊ ကျုပ်အဖေကိုသတ်တာ အရက်ပဲဗျ"


"မောင်ရင့်အဖေက သိပ်သောက်သလား"

"မသောက်ပါဘူး၊ အရက်သေတ္တာ ပိသေသွားတာ"

## လူတူမို့လို့ပေါ့

လူစိမ်းတစ်ယောက် အရက်ဆိုင်ထဲ ဝင်လာပြီး ရေခဲနှင့်စကော့ချ် မှာသောက်၏။ မကြာခင် ထိုလူစိမ်းသည်ပုံမှန်ဖောက်သည်တစ်ဦးနှင့် စတင်ငြင်းခုံတော့၏။ ထိုအခါ ဆိုင်ရှင်က လူစိမ်းနားလာပြီး လက်မောင်းကို ဆွဲလိုက်၏။ တံခါးပေါက်ကြီးကို ပြ၏။

"ဝမ်းနည်းပါတယ်၊ ကျွန်တော့်ဆိုင်ဟာ ဆိုင်ကြီးဆိုင်ကောင်းပါ၊ နောက် ကျွန်တော့်ဆိုင်ကို ခင်ဗျား ဘယ်တော့မှ မလာခဲ့ပါနဲ့" ဟု ပြောပြီး မောင်းထုတ်လိုက်၏။



သို့သော် ခဏအကြာတွင် ထိုလူစိမ်း ပြန်ဝင်လာ၏။ အရက်မှာပြန်၏။ ဆိုင်ရှင်က သည်တစ်ကြိမ်မှာ လူစိမ်းကို တည်တည်ကြီးကြည့်ပြီး ...

"ခင်ဗျားနဲ့ ချွတ်စွပ်တူတဲ့ လူတစ်ယောက်တော့ ရှိနေပြီ ထင်တယ်"ဟု လှမ်းပြော၏။


သည်တော့ လူစိမ်းက ...

"ဟုတ်ချင် ဟုတ်မှာပေါ့ဗျာ၊ ကဲပါ ... စကော့ချ်နဲ့ရေခဲသာ ချပေးစမ်းဗျာ"ဟု 'လော'လိုက်လေ၏။

## တစ်ခွက်သောက်ရမယ့်အရေး

'ပက်'တစ်ယောက် ခြေချော်ပြီး လေးထပ်မှ ကျသွား၏။ သူ သတိပြန်ရလာသည်တွင် သူ့အတွက် ရေတစ်ခွက်ကိုင်စောင့်နေသော ဆရာဝန်ကို မြင်လိုက်ရ၏။ သည်တွင် ပက်က "အလိုလေးလေး ...ဝီစကီတစ်ခွက်သောက်ရဖို့ လူတစ်ယောက်ဟာ ဘယ်လောက်အမြင့်က လိမ့်ကျရမှာလဲ ကွယ်ရို့"ဟု ညည်းညည်းညူညူ ရေရွတ်လိုက်သောဟူ၏။





## အမြင်

တရားသူကြီးရှေ့မှောက်သို့ အိုင်းရစ်အမျိုးသားတစ်ယောက်ကို ခေါ်ဆောင်လာခဲ့၏။


"မင်း ဘာကြောင့် အလွန်အကျွံသောက်တာလဲ"

တရားသူကြီးက မေးသည်။

"ရထားပေါ်မှာ မကောင်းတဲ့အပေါင်းအသင်းတွေနဲ့ တွေ့ခဲ့လို့ပါ တရားသူကြီးခင်ဗျား၊ အရက်မသောက်တဲ့ လူလေးယောက်ပါ"

"ဟ …မင်းတွေ့ခဲ့တာ အကောင်းဆုံးအပေါင်းအသင်းတွေပဲ"

"ကျွန်တော် အဲဒီလို မထင်ပါဘူး။ သူတို့ မသောက်တော့ ဝီစကီတစ်လုံးကို ကျွန်တော် တစ်ယောက်တည်းကုန်အောင် သောက်လိုက်ရပါတယ် တရားသူကြီးခင်ဗျား"



## ဂုဏ်ပြုချင်လို့

'ဖရက်'သည် အရက်နှင့်ပတ်သက်ပြီး အတော် စိတ်မကောင်းဖြစ်နေ၏။ ထို့ကြောင့် စိတ်ကို အတတ်နိုင်ဆုံး ကြိုးစားထိန်းချုပ်ပြီး အရက်မသောက်မိအောင် ဆင်ခြင်ပြုပြင်တော့မည်ဟု ဆုံးဖြတ်ချက်ချ၏။ အရက်ဆိုင်ရှေ့ရောက်သည့်အခါ ဆိုင်ထဲမဝင်ဘဲ တန်းတန်းမတ်မတ်ဆက်လျှောက်သွားဖို့ ပြင်ဆင်ထား၏။

အရက်ဆိုင်နှင့်နီးလာသောအခါ သူသည် သူ့ကိုယ်သူ သတိပေးနေ၏။

"မင်း ရပါတယ်ကွာ၊ ချုပ်တည်းနိုင်ပါတယ်"

အရက်ဆိုင်ထဲ ဝင်ချင်စိတ်၊ တစ်ခွက်၊ တစ်ဖလားမော့လိုက်ချင်စိတ်ကို ဖိနှိပ်ထားရသည်မှာတကယ်တော့မလွယ်ကူပေ။ သို့သော် ဖရက် အောင်အောင်မြင်မြင် ချုပ်တည်းနိုင်လိုက်၏။ အရက်ဆိုင်ထဲမဝင်ဘဲ ကျော်လာနိုင်ခဲ့၏။

ယခုဆိုလျှင် သူ မီတာ ၅၀လောက်ကျော်လာခဲ့ပြီဖြစ်၏။ ထို့ကြောင့် ဖရက်က သူ့ကိုယ်သူ ချီးကျူးစကား ဆိုလိုက်၏။

"မင်းထိန်းနိုင်မှန်း ငါစောစောကတည်းက သိတယ်လေ၊ မင်း သိပ်ကို တော်ပါပေတယ်ကွာ၊ ကဲ …ငါတို့ပြန်လှည့်ကြရအောင်၊ မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ငါ မင်းကို အရက်ဝယ်တိုက်မယ်ကွာ"


## တစ်ခါမူး တစ်ခါရူး


ဆရာဝန်က မေးသည်။

“တစ်ကြိမ်သာ အရက်မူးဖူးတယ်၊ အဲဒီတစ်ကြိမ်ဟာလဲ ခင်ဗျားဘဝကို ဖျက်ဆီးလိုက်တဲ့ တစ်ကြိမ်ပဲလို့ ခင်ဗျားပြောတယ်”

လူနာက ပြန်ဖြေသည်။

“ဟုတ်ပါတယ် ဆရာ၊ အရက်မူးနေတုန်းမှာ ကျွန်တော် မိန်းမရသွားတာကိုး”





## အမြင်နှယ် မှားနိုင်ရန်ကော

စိတ်လှုပ်ရှားနေသူတစ်ယောက် အရက်ဆိုင်ထဲ ပြေးဝင်လာ၏။

"ဒီမှာ ဒီမှာ …ခင်ဗျားတို့ ကော်လာဖြူနဲ့ ကြောင်နက်တစ်ကောင် မမြင်လိုက်ကြဘူးလား"ဟု မေး၏။


သူ့အမေးကို ဘယ်သူမှ မဖြေ။ သည်တော့ သူ ထပ်မေး၏။

"ကျုပ်မေးနေတယ်လေဗျာ၊ ခင်ဗျားတို့ ကော်လာဖြူနဲ့ ကြောင်နက်တစ်ကောင် မမြင်လိုက်ကြဘူးလား …လို့"

သည်တစ်ကြိမ်မှာလည်း ဘယ်သူမှ မဖြေ။

သည်တော့ သူက …

"အား …ဟုတ်ပြီ၊ ကျုပ် ဘုန်းတော်ကြီးတစ်ပါးကို တွေ့ခဲ့တာပဲ ဖြစ်ရမယ်"ဟု ရေရွတ်လိုက်သောဟူ၏။



## ထွက်ချင်လှပြီဗျ

မနက် ၃နာရီ။ ဖုန်းစောင့်ရှေ့က ဖုန်းမြည်လာသည်။

"အရက်ဆောင် ဘယ်နှစ်နာရီဖွင့်သလဲ"

အရက်သမားတစ်ယောက်၏ ပလုံးပထွေးအသံ။

"၉ နာရီ"

ပြောပြီး ဖုန်းစောင့်က ဖုန်းကို ပြန်ချလိုက်၏။

၁၀မိနစ်လောက်ပင် မကြာလိုက်၊ ဖုန်းမြည်ပြန်၏။

စောစောက အသံပင်ဖြစ်၏။ စောစောက မေးခွန်းပင် ဖြစ်၏။

"ပြောခဲ့ပြီလေ၊ ၉နာရီ"

ဖုန်းကို ချလိုက်၏။

နောက်ထပ် ၁၀မိနစ်။ ဖုန်းမြည်ပြန်၏။ သည်တစ်ကြိမ်မှာတော့ ဖုန်းစောင့် နည်းနည်းစိတ်ပျက်သွား၏။

"ဒီတစ်ခါ နောက်ဆုံးပဲလို့ ပြောလိုက်တော့မယ်၊ ဆိုင် ၉နာရီတိတိမှာ ဖွင့်တယ်၊ တစ်မိနစ်လဲ စောမဖွင့်ဘူး၊ တစ်မိနစ်လည်း နောက်ကျ မဖွင့်ဘူး၊ခင်ဗျားဘယ်နှစ်ကြိမ်ခေါ်ခေါ်၊ ကျွန်တော် ဂရုမစိုက်ဘူး၊ ၉နာရီမထိုးခင် တစ်မိနစ်အလိုမှာတောင် ခင်ဗျား ဆိုင်ထဲ ဝင်လို့ရမှာ မဟုတ်ဘူး"


သည်တော့ အရက်သမားက အော်ပြောလိုက်၏။

"ဟာ ...ခင်ဗျား သိမှ မသိဘဲ၊ ကျုပ် ခင်ဗျားတို့ဆိုင်ထဲမှာ သော့ပိတ်ခံနေရတယ်ဗျ၊ အပြင်ထွက်ချင်လှပြီ"

## သန်နိုင်ဆေးအစစ်

လူသန်ကြီးတစ်ယောက် မမှန်တော့သော ခြေလှမ်းများဖြင့် အရက်ဆိုင်ထဲ ဝင်လာ၏။ ဝီစကီတစ်ခွက်နှင့် ရေတစ်ခွက်မှာ၏။ နားမလည်နိုင်သလိုဖြစ်နေသော ဆိုင်ရှင်က မှာသည်များကို ချပေးပြီး ထိုလူသန်ကြီးကို မျက်ခြည်မပြတ် အကဲခတ်နေ၏။ အရက်မူးနေသူ လူသန်ကြီးက အတွင်းခံ အင်္ကျီအိတ်ကပ်အတွင်းမှ သန်ကောင်ကလေးတစ်ကောင်ကို ထုတ်ယူ၏။ ရေခွက်ထဲ ထည့်လိုက်၏။ သန်ကောင်ကလေးက ရေခွက်ထဲမှာ ကျေကျေနပ်နပ် ကူးနေ၏။

ခဏအကြာမှာ လူသန်ကြီးက သန်ကောင်ကလေးကို ရေခွက်ထဲမှ ဆယ်ယူပြီး ဝီစကီခွက်ထဲ ချလိုက်၏။ သန်ကောင်ကလေး အပြင်းအထန် လူးလွန့်နေ၏။ တွန့်လိမ်နေ၏။ ခဏအတွင်း သေသွားတော့၏။



သည်တော့ လူသန်ကြီးက ကျေနပ်အားရဖြစ်သွားကာ အောင်ပွဲခံသံကြီးဖြင့် အော်ပြောလိုက်လေ၏။

"ဟုတ်ပြီ၊ ကျုပ်အမြဲစဉ်းစားလာခဲ့တဲ့အချက် လုံးဝမှန်ကန်ကြောင်း ခု ကျုပ်သက်သေပြနိုင်ပြီ၊ ဟောဒီမှာ ...အားလုံးမြင်ကြတယ်နော်၊ ဒီဝီစကီသာသောက်၊ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဘယ်သန်ကောင်မှ မနေနိုင်ဘူး၊ ဝီစကီဟာသန်နိုင်ဆေးအစစ်ဗျို့ ...သန်နိုင်ဆေးအစစ်"


# အိမ်လှုပ်နေတယ်

တစ်မနက်တွင် လူတစ်ယောက်သည် သော့ပေါက်ထဲ သော့တံ ထည့်မရ ဖြစ်နေ၏။ သော့ပေါက်နှင့် သော့တံအလွဲလွဲ အချော်ချော် ဖြစ်နေ၏။ ထိုလူ့အခက်အခဲကို လှမ်းမြင်နေသော ရဲသားက အကူအညီပေးရန် ထိုလူ့နားကပ်သွား၏။

"ပေးပေး .... သော့ပေါက်ထဲ ကျွန်တော် သော့ထည့်ပေးမယ်"

သည်တော့ ထိုလူက ...

"နေပါစေ ...နေပါစေ၊ အဲ ...တစ်ခုပဲ ကူညီဗျာ၊ သော့ပေါက်ထဲ သော့တံ ထိုးဖြစ်အောင် ခင်ဗျားက အိမ်ကြီးကိုသာ ငြိမ်ငြိမ် ကိုင်ထားပေးပါ"တဲ့။





## အထက်တန်းလွှာတဲ့

ဟော်တယ်တစ်ခုအတွင်းက စားပွဲတစ်လုံး အောက်သို့ အမျိုးသမီးကြီးတစ်ဦးက ငုံ့ကြည့်လိုက်ရာ စားပွဲအောက်မှာ မှောက်နေသော 'ဖရက်'ကို တွေ့လိုက်၏။

"အိုး ...ဝမ်းနည်းပါတယ်ရှင်၊ အထက်တန်းလွှာ အမျိုးသမီးကြီးတစ်ဦးရဲ့ ခင်ပွန်းကို ကျွန်မ လိုက်ရှာနေတာပါ"

"အိုး ...ဟုတ်လား၊ ကျုပ်ပဲလေ အချစ်ရယ်၊ ကျုပ်ပါပဲ၊ ဝင်ခဲ့လေကွာ..."


**အမြွတ်**

အရက်ဖြတ်မှုကို ဖြစ်တော့မည်ဆိုသည်ကို ‘ပါစီ’တစ်ယောက် သဘောပေါက်လက်ခံနိုင်အောင် ဒေါက်တာ ‘စတစ်ချမ်း’ အတော် ကြိုးစားနေရလေသည်။

“သစ်ပင်လိုပေါ့ဗျာ”

ဒေါက်တာက စ,လိုက်၏။

“သူ့အမြစ်ပတ်လည်ကို ရေလောင်းပေးရင် ရှင်သန်ကြီးထွားလာမယ်၊ စိမ်းစိမ်းစိုစို ဖြစ်လာမယ်၊ အဲဒီအပင်ကိုပဲ ယူဗျာ၊ အရက်နဲ့လောင်းဗျာ၊ ဘာဖြစ်သွားမယ် ထင်သလဲ၊



အပင်ဟာ ခြောက်ကပ် ကျုံလှီသွားမယ်၊ နောက်ဆုံး ...သေ
သွားမယ်၊ ကဲ ...ခု ကျုပ်ပြောပြတဲ့အထဲက ခင်ဗျား တစ်စုံ
တစ်ရာ မရလိုက်ဘူးလား”

သည်တွင် ပါစီက ...

“အား ...ရလိုက်ပြီလား ဒေါက်တာရယ်၊ ‘အကယ်၍
သစ်ပင်တစ်ပင်ကို ခန္ဓာကိုယ်အတွင်းမှာ ရှင်သန်ကြီးထွားလာ
စေချင်ရင် ရေကိုသာ သောက်ရမယ်’ဆိုတဲ့ အသိကောင်း
တစ်ခု ရလိုက်တာပေါ့ ဒေါက်တာ”ဟု ပြန်ပြောပြလိုက်
လေ၏။



## အရက်ဆိုင် မဟုတ်တော့

ခင်ပွန်းသည် အရက်မူးပြန်လာတိုင်း မိန်းမက ဆူဆူပူပူ လုပ်မြဲဖြစ်သည်။

တစ်နေ့ကျတော့ စာနာတတ်သည့် အိမ်နီးချင်း အမျိုးသမီးကြီးတစ်ယောက်က အမူးသမား၏မိန်းမကို အကြံပေးလေသည်။

"မင်း အဲဒီလို မဆက်ဆံသင့်ဘူးလေ။ သူ အရက်သောက်တာကို မသိသလို နေမှပေါ့ကွဲ့၊ ချစ်စရာကောင်း

အောင်နေပြ၊ ကြင်ကြင်နာနာပြုစု၊ အဲဒီလိုလုပ်ရင် တစ်နေ့ ညည်းလူ လူသစ်တစ်ယောက် ဖြစ်လာမှာပါအေ၊ ကဲ ... ကနေ့ည ညည်း စမ်းကြည့်လိုက်စမ်း"

ထိုညတွင် ခင်ပွန်းသည် ယိမ်းထိုးပြန်လာ၏။ သူမက အိမ်နီးချင်း ပေးသောအကြံကို အမှတ်ရကာ နှုတ်ခမ်းအစုံကို လှလှလေးတွန့်ပြီး "အချစ်ရေ ...ကျွန်မကို နမ်းစမ်းပါကွယ်"ဟု ပြောလိုက်လေသည်။

ထိုအခါ သူကလည်း နှုတ်ခမ်းပြင်လိုက်ပြီး သူမ အနား ဒယီးဒယိုင် တိုးကပ်သွား၏။ ကပ်မိသည်နှင့် နှုတ်ခမ်းကို နမ်းရန်ကြိုးစား၏။ သို့သော် နဖူး နမ်းမိလိုက်၏။ထပ်ကြိုးစား၏။ နားရွက် နမ်းမိလိုက်၏။ တတိယအကြိမ် ကြိုးစားပြန်ရာ နှုတ်ခမ်းနှင့်လွဲပြီး ပါးကို နမ်းမိလိုက်၏။

သူမ စိတ်မရှည်ဖြစ်လာတော့၏။ ဒေါပွလာတော့၏။ ထို့ကြောင့် ပါးစပ်ကို လက်နှင့်ညွှန်ပြပြီး ...


"ဟဲ့ ...ဂျပိုး၊ ဟောဒီမှာဟဲ့ ဟောဒီမှာဟဲ့၊ ဟောဒါ အရက်ဆိုင်သာဆိုရင် နင် တန်းမြင်မှာ မဟုတ်လား"ဟု ရန်တွေ့ရင်း မေးလိုက်လေ၏။

## အမူးပြေအောင် လုပ်နည်း

အတော်မူးနေသူ တစ်ဦးက စားပွဲထိုးကို သူ့စားပွဲသို့ ခေါ်လိုက်၏။

"ဒီမှာ ... ကိုယ်နည်းနည်းလွန်သွားတယ်ကွာ၊ မြန်မြန် အမူးပြေသွားအောင် တစ်ခုခု မင်း ကိုယ့်စီ ယူလာပေးပါလား"

"ဟာ ...ရပါတယ်ဆရာ၊ ကျွန်တော် ဆရာ့ဘီလ် ယူခဲ့ပါ့မယ်"





**စာနာပါဦး**

'ကားလ်'က ဝီစကီတစ်ခွက် မှာလိုက်၏။ တစ်ငုံ ငုံလိုက်၏။ ချက်ချင်းပင် ပြန်ထွေးချလိုက်၏။ သူသည် ဆိုင်ရှင်ကို လှမ်းကြည့်ပြီး …

"ခင်ဗျား ဝီစကီ မကောင်းဘူး"ဟု ပြောလိုက်၏။

သည်တွင် ဆိုင်ရှင်က …

"ခင်ဗျား ဘာတွေ ပြောနေတာလဲ၊ ခင်ဗျားက တစ်ငုံပဲ ငုံရသေးတာပါဗျာ၊ ကျုပ်မှာ အဲဒီ ဝီစကီ ၁၀သေတ္တာကြီးများတောင် ငုံထားရတာဗျ"ဟု ပြန်ပြောလိုက်လေ၏။



## အဲဒါ 'ကေ မားကတ်' က သံတုတ်ပဲ

လူသေးသေးလေးတစ်ယောက်အရက်ဆိုင်တွင်းဝင်သွားပြီး တစ်နေရာမှာ ထိုင်လိုက်၏။ ဘီယာမှာ၏။ အေးအေးဆေးဆေး သောက်၏။ ဘယ်သူ့ကိုမှ မနှောင့်ယှက်။

သူ့ဘေးမှာ လူထွားကြီးတစ်ယောက်။ လူထွားကြီးသည် လူသေးလေးဘက် ရုတ်တရက်လှည့်လိုက်ပြီး 'ဗုစ်'ဆိုသော အသံနှင့်အတူ လူသေးလေးကို ထိုင်ခုံပေါ်မှ လွင့်စဉ်သွားအောင် ထိုးချလိုက်၏။ လူသေးလေး လိမ့်သွားပြီးနံရံ

နား ရောက်သွားတော့၏။ သို့သော် သူ့ကို ဘာနဲ့ထိုးလိုက်သည်ကို လူသေးလေး လုံးဝမသိ။ သူ မတ်တပ်ရပ်ပြီး သူ့ထိုင်ခုံမှာ ပြန်ထိုင်၏။

"ခင်ဗျား ဒီလို ဘာကြောင့် လုပ်ရတာလဲ"

နေရာမှာ ပြန်ထိုင်မိသည်နှင့် လူသေးလေးက အေးအေးဆေးဆေးပင် မေးလေသည်။

သည်တော့ လူထွားကြီးက ...

"ဒါပေါ့ကွ၊ ကိုရီးယား 'ကာရာတေး'ဆိုတာ"ဟု ဖြေ၏။

သည်တွင် လူသေးလေးက ဩ ...ဒီလူထွားကြီးဟာ ကာရာတေးသမားကြီးပဲ၊ ငါဘီယာသောက်ပြီး မြန်မြန် ပြန်ထွက်တာ ကောင်းမယ်ဟု တွေးလိုက်၏။

သို့သော် လူထွားကြီးက လူသေးလေးဘက် ဆတ်ခနဲလှည့်လိုက်ပြန်ကာ စောစောကအတိုင်း ထိုးချလိုက်ပြန်၏။ လူသေးလေး လိမ့်သွား၏။ နံရံနားရောက်သွား၏။ သူမတ်တပ်ရပ်လိုက်ပြီး လူထွားကြီးကို သတိထား အကဲခတ်၏။ အင်း ...ဟုတ်တယ်၊ ကာရာတေးသမားကြီးပဲ။ မြန်မြန်သောက်ပြီး မြန်မြန်ထွက်တာ ကောင်းတယ်။

သို့သော် ပြန်ထွက်မသွားခင် ထပ်မေးမိလိုက်သေး၏။

"ဘာသဘောနဲ့ ခင်ဗျား ခုလို လုပ်ရတာလဲဗျ"

"ဒါပေါ့ကွ၊ ဂျပန်ဂျူဒိုဆိုတာ"

လူသေးလေး ဘာမှ ပြောမနေတော့ဘဲ ဆိုင်တွင်းမှခပ်သွက်သွက် ထွက်လာခဲ့တော့၏။


နာရီဝက်လောက်အကြာမှာ လူသေးလေး အရက်ဆိုင်သို့ ပြန်သွားကာ ဆိုင်ပြင်မှနေ၍ အကဲခတ်၏။ လူထွားကြီး ထိုင်နေဆဲ။ ထို့ကြောင့် လူသေးလေးသည် လူထွားကြီး အမြင်မခံဘဲ သူ့နောက်နား ရောက်သည်နှင့် အသင့်ယူလာသော သံတုတ်ဖြင့် ခွပ်ကနဲ တစ်ချက်ရိုက်ချလိုက်၏။ လူထွားကြီး အငိုက်မိသွား၏။ စိုက်ကျသွား၏။

အချင်းဖြစ်ပွားရာသို့ ဆိုင်ရှင် ပြေးလာ၏။

သည်တွင် လူသေးလေးက ဆိုင်ရှင်ကို ကြည့်ပြီး ...

"ဒီကောင်ကြီး သတိရလာရင် ပြောလိုက်ဗျာ၊ အဲဒါဟာ 'ကေ မားကက်'က ရောင်းလိုက်တဲ့ သံတုတ်ပဲလို့"

လူသေးလေးက အေးအေးဆေးဆေးပြန်ထွက်သွား၏။



## သူလေးကလည်း အလာသား


အရွယ်နှင့် မလိုက်အောင် သောက်ရည်ထက်လှသော ကိုးနှစ်သား အရက်သမားကလေး အရက်ဆိုင်ထဲ ဝင်လာ၏။ သူက အမျိုးသမီး စားပွဲထိုးကို စကော့ချ် ယူလာခဲ့ဖို့လှမ်း အော်မှာလိုက်၏။

သည်တော့ အမျိုးသမီး စားပွဲထိုးက သူ့နားသွားပြီး…

"ဘာလဲကွ၊ မင်း ငါ့ကိုဒုက္ခပေးမလို့လား"ဟု မေး၏။

"နောက်ပိုင်းတော့ ဟုတ်ချင် ဟုတ်မှာပေါ့ဗျာ၊ လောလောဆယ်မှာတော့ အရက်ပဲ သောက်ချင်တာပါ"

အရက်သမားကလေးက ခပ်တည်တည် ပြန်ပြောလိုက်၏။



## ဆက်စပ်မှုရှိတာပေါ့လေ

'ဂျက်'က 'မန်ဟက်တန်'အရက်မှာလိုက်သည်။ ဆိုင်ရှင်က ဂျက်ရှေ့မှာပင် အမြုပ်ထနေသော အရက်ခွက်ထဲဟင်းမွှေးရွက် ကိုင်းသေးသေးလေး ထည့်ပေးလိုက်၏။

"ဒါ ဘာလုပ်တာလဲဗျ"

ဆိုင်ရှင်လုပ်ပုံကို နားမလည်နိုင်သူ ဂျက်က မေးလေသည်။

“ဒါ ခင်ဗျားမှာတဲ့ မန်ဟက်တန် အရက်ပဲပေါ့”

ဆိုင်ရှင်က ထိုသို့ ပြန်ပြောပြလိုက်ရာ ဂျက်က ဟင်းမွှေးရွက် ကိုင်းသေးသေးလေးကို ဆယ်ယူလိုက်ပြီး ...


“ဩ ...ဒီလိုကိုး၊ ဒီအတိုင်းဆိုရင် ဟောဒီ ဟင်းမွှေးရွက်ကိုင်းလေးက ‘မန်ဟက်တန် ရပ်ကွက်’ နားမှာရှိတဲ့ ‘ဗဟိုဥယျာဉ်ကြီး’ထဲက ဟင်းမွှေးရွက် ကိုင်းလေးပေါ့နော် ...ဟုတ်စ” ဟု မျက်ခုံးပင့် မေးလိုက်လေ၏။


## ဒါလေးတော့

သေခါနီး စကော့အဘိုးအိုတစ်ယောက်သည် သူ့အချစ်ဆုံး သူငယ်ချင်း ‘ဂျိုး’ကို အနားသို့ ခေါ်ယူလိုက်သည်။

“သူငယ်ချင်း၊ ငါသိမ်းထားတဲ့ ဝီစကီတစ်လုံးရှိတယ်၊ ငါသေသွားတဲ့အခါ အဲဒီ ဝီစကီနဲ့ ငါ့သင်္ချိုင်းပေါ် ပက်ဖျန်းပေးစေချင်တယ်ကွာ၊ ဒီကိစ္စ မင်းကူညီနိုင်မလား ဂျိုး”

“ကူညီနိုင်ပါတယ် သူငယ်ချင်းရယ်၊ ဒါပေမဲ့ အဲဒီဝီစကီ ငါ့ကျောက်ကပ်တွေကြားထဲ အရင်ဖြတ်စီးသွားပြီးမှ ပက်ဖျန်းပေးရင်ကော … မင်းစိတ်ဆိုးမှာလား”





**ပူလိုက်ရတာ**

နေ့လည်စာ စားချိန်မှာ ပက်ဒီ အရက်ဆိုင်ထဲ ဝင်လာသည်။

"ကျုပ် မနေ့ညက ဒီကို ရောက်သလားဗျ"

"ရောက်တယ်လေ"

"ကျုပ် တော်တော် မူးနေသလား"

"ဟုတ်တယ်၊ အတော့်ကို မူးနေတယ်"

"ကျုပ် ငွေတွေ အများကြီး သုံးလိုက်သလား"

"ဟာ ... များတာပေါ့၊ အရက်ဖိုး ဒေါ်လာ ၂၀တောင် ကျသွားတယ်"

"အင်း ...တော်သေးရဲ့၊ ကျုပ်က ကျပျောက်တယ်ထင်လို့ဗျို့"


## စာနာလိုက်ကြတာ

ကျွန်မခင်ပွန်း မောင်းနှင်သည့် လေယာဉ်ပေါ်တွင် ပါလာသော စိုးရိမ် ပူပန်နေသည့် လေယာဉ်မယ်ကလေးက တစ်ချိန်မှာ ကြေညာလိုက်လေသည်။

"ခရီးသည်များရှင် …ကျေးဇူးပြု၍ နားဆင်ပါ။ ဘယ်လိုဖြစ်တယ် မသိပါဘူးရှင်၊ ခု ကျွန်မတို့ လေယာဉ်ပေါ်မှာ ခရီးသည် ၁၀၀စီးနင်း လိုက်ပါလာပါတယ်၊ ဒါပေမယ့် ညစာက ခရီးသည် ၄၀စာပဲ ရှိနေပါတယ်ရှင်"

ခရီးသည်တွေ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ အချင်းချင်း တီးတိုး တီးတိုး ပြောကြ၏။ တီးတိုးသံတွေတိတ်သွားသည့်အခါ လေယာဉ်မယ်ကလေးက ဆက်ကြေညာလေသည်။

"ခရီးသည်များရှင် …ကျေးဇူးပြု၍ နားဆင်ပါ၊ စောစောက တင်ပြခဲ့တဲ့ ပြဿနာ ပေါ်လာတဲ့အတွက် ခရီးသည်အချင်းချင်း စာနာစိတ်နဲ့ ညစာ မသုံးဆောင်မယ့် ခရီးသည်များရှိခဲ့ရင် အဲဒီ ခရီးသည်ကို ကျန်တဲ့ခရီးတစ်လျှောက်လုံးမှာ ကျွန်မတို့က မေတ္တာနဲ့ အရက်တိုက်သွားပါ့မယ်"



နာရီဝက်ခန့်ကြာသည့်အခါ လေယာဉ်မယ်ကလေး၏ ကြေညာသံ ထွက်ပေါ်လာပြန်၏။

“ခရီးသည်များရှင် ... ကျေးဇူးပြု၍ နားဆင်ပါ။ အပြောင်းအလဲ လုပ်လိုတဲ့ ခရီးသည်များ ရှိနေသေးရင် ကျွန်မတို့ဆီ လာရောက်ပြောပြနိုင်ပါတယ်၊ ခု ကျွန်မတို့မှာ ညစာ ၂၉ထုပ် ပိုနေပါပြီရှင်”

## မြွေမြွေချင်း

သူမက တခြားသူမ တစ်ယောက်ကို ပြောနေသည်။

"တစ်ခွက်ဆို တော်ရောပေါ့၊ အလွန်ဆုံး နှစ်ခွက်ပေါ့"

"သုံးခွက်သောက်ရင် မင်း စားပွဲအောက် မှောက်သွားလိမ့်မယ်"

"အေး ...လေးခွက်သာဆိုရင်တော့ ဟောဒီ အိမ်ရှင်အောက် မင်းရောက်မှာပဲ"





**ဝင်နည်း**

လူပျိုကြီးတစ်ယောက်သည် အရက်ဆိုင်ထဲမှာ ထိုင်လျှက် အသားကပ်ဂျင်းဘောင်းဘီ ဝတ်ထားသော မိန်းမငယ်ကလေးကို တစိမ့်စိမ့် ကြည့်ပြီး မနေနိုင် မထိုင်နိုင် မေးကြည့်လေတော့၏။

"ကလေးမ၊ ကျုပ်ကို ပြောပြစမ်းပါ၊ အဲဒီလောက်ကြပ်တဲ့ ဘောင်းဘီထဲ ဘယ်လိုနည်းနဲ့ ဝင်နိုင်မလဲ"


သည်တော့ မိန်းမငယ်ကလေးက ...

"ကျွန်မကို အရက်ဝယ်တိုက်နည်းနဲ့ စ,ရတာပဲ"ဟု ပြုံးစစ ပြန်ပြောလိုက်လေ၏။

## ငိုလောက်ပါရဲ့

အသက်၈၇နှစ်ရှိပြီဖြစ်သောအဘိုးတစ်ယောက်သည် အရက်ဆိုင်ထဲ၌ ရှုက်ကြီးတငင် ငိုကြွေးနေ၏။ ထို့ကြောင့် ဆိုင်ရှင်က အဘိုးနားသွား၍ "ဘာဖြစ်လို့ ဒီလောက် ငိုနေရတာလဲအဘိုး"ဟု မေးလေသည်။ ထိုအခါ အဘိုးက မျက်ရည်သုတ်ပြီး...

"အဘိုးက ပျားရည်ဆမ်းခရီးက ပြန်ရောက်ခါစပဲ ရှိ



ပါသေးတယ်၊ အဘိုးဇနီးက အသက် ၂၅နှစ်ပဲ ရှိသေးတယ်လေ၊ ကာယအလှနည်းပြပေါ့ကွယ်၊ ကမ္ဘာမှာ အလှဆုံးမိန်းကလေးပါပဲ၊ အဲ..ချစ်ရမွက်ကလဲ သိပ်ပြင်းတယ် လူလေးရဲ့၊ အဘိုးဘ၀မှာ ဒီလောက်ဘယ်တုန်းကမှ မပျော်ခဲ့ဖူးဘူး”


“ဒါနဲ့များ ငိုနေရသေးသလားအဘိုးရာ”

“ငိုရပြီလားကွယ်၊ အဘိုးငိုရမှာပေါ့၊ အဘိုးဘယ်မှာနေတယ်ဆိုတာ ခု အဘိုးမမှတ်မိတော့ဘူးလေ..ဟီး..ဟီး”

**မင်းကဘယ်လိုလဲ**

**ပင်လယ်ထဲကျသွားသူ။** "ကယ်ကြပါဦး...ကယ်ကြပါဦး၊ ကျုပ် ရေမကူးတတ်ဘူး"

**ကုန်းပေါ်ကအမူးသမား။** "ဘယ်လိုလဲကွ၊ ငါဆို တယော မထိုးတတ်ပါဘူးကွာ၊ ဒါပေမဲ့ မင်းလိုတော့အော်ဟစ်ပြီး ကြော်ငြာ မောင်းခတ်မနေဘူးဟေ့"





**ကျုပ်ဘယ်လိုတက်လာလဲ**

**အရက်မူးနေသူ ။** (ရေထဲကလအရိပ်ကိုကြည့်လျက်)။
"ဟောဟိုက ကျုပ်မြင်နေရတာဘာများ
လဲဗျာ၊ ပြောစမ်းပါဦး"

**ရဲသား။** "အဲဒါ လ,လေ"

**အရက်မူးနေသူ ။** "ဟာ...ဒီလိုဆို ကျုပ်ဒီနေရာ ရောက်
အောင် ဘယ်လိုတက်လာမိပါလိမ့်"



## ငါလေ…ထပ်လှုပ်လိုက်ရ

၁၉၆၀ခုနှစ်။ 'ဆီဇယ်'သည် ဆန်ဖရန်စစ္စကို စားသောက်ဆိုင်တွင်းသို့ ဝင်သွားကာ ဘားကောင်တာနှင့် အဝေးဆုံးတစ်နေရာ၌ ထိုင်လိုက်၏။ ဘားကောင်တာမှ စားပွဲထိုး သူ့နားချဉ်းကပ်လာသောအခါ ဆီဇယ်က "စ…စ…စကော့ချ်တစ်…တစ်ခွက်၊ ရေ…ရေခဲထည့်ပါ"ဟု အထစ်ထစ်အငေါ့ငေါ့ မှာလေသည်။

သည်တော့ စားပွဲထိုးက ဒေါသထွက်ပြီး "ခင်ဗျားလို လူမျိုးကို ကျုပ်တို့မရောင်းဘူး"ဟု အပြတ်ပြောလိုက်၏။

သည်အခါ ဆီဇယ်က ဘယ်လိုရည်ရွယ်ချက်မှ မရှိဘဲ တင်ပလ္လင်ချိတ်ထိုင်လိုက်ပြီး စားပွဲထိုးကို စူးစိုက်ကြည့်နေ၏။ သည်အခိုက်ကလေးမှာပင် မြေငလျင် လှုပ်လေ၏။ မျက်နှာကျက်မှာ ချိတ်ဆွဲထားသော မီးပန်းဆိုင်းကြီး ပြုတ်ကျလာ၏။ ကောင်တာနောက်က ပုလင်းတွေ လိမ့်ကျကုန်၏။ ဆိုင်တွင်းက လူတွေ စူးစူးရဲရဲအော်ဟစ်ပြီး ပြေးထွက်သွားကြ၏။ ရုတ်ရုတ်သဲသဲ၊ ဝရုန်းသုန်းကားဖြစ်ကုန်ကြ၏။ ငလျင်အလှုပ်ရပ်သွားသည့်အခါ စားပွဲထိုးသည် ကြောက်လွန်းစိတ်ဖြင့် တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေ၏။ သူသည် ဆီဇယ်ထံ မရဲတရဲ လှမ်းကြည့်၏။ ဆီဇယ်က သူ့အား စူးစူးရဲရဲစိုက်ကြည့်နေဆဲ။ စားပွဲထိုး ပိုတုန်လှုပ်သွား၏။ သည်အထဲ ဆီဇယ်က ထစ်ထစ်ငေါ့ငေါ့ ထပ်ပြောလိုက်ပြန်၏။


"ကဲ...ဘယ့်နှယ်ရှိစ၊ ငါ့...ငါ့ကို စ...စ...စကော့ချ် ရောင်း...ရောင်းမလား၊ ဒါ...ဒါမှမဟုတ် ငါ...ငါ...ထပ် လှုပ်...လှုပ်လိုက်ရမလား"တဲ့။


## ခွေးရှာပုံတော်

အမှူးသမားနှစ်ယောက် ရထားပေါ်တက်မည်အလုပ်တွင် 'ခွေးများကို ပွေ့ထားရမည်'ဆိုင်းဘုတ်ကို မြင်လိုက်ကြ၏။

သည်တွင် အမူးသမားတစ်ယောက်က…

"နေဦးကွ၊ ဒီလိုညကြီးမင်းကြီးမှာ ငါတို့ ခွေးတစ်ကောင် ဘယ်မှာရနိုင်မလဲ"ဟု မူးကြောင်ကြောင် မေးလိုက်လေ၏။





## ညီတူမျှတူ

"ညတိုင်း မူးနေတဲ့ယောကျ်ားကို ကျွန်မတော့မသနားပေါင်"

"အမယ်လေး… ကျုပ်ကလဲ ညတိုင်းမူးနေရမယ်ဆိုရင် ခင်ဗျားရဲ့ အသနားတွေ၊ အကြင်နာတွေကို မလိုချင်ပါဘူးတဲ့ခင်ဗျာ"

## သည်လောက်တောင်ချစ်သလားကွယ်

အရက်မူးနေသူ တစ်ယောက်သည် ငိုပြီး အရက်ဆိုင်ထဲ ဝင်လာ၏။ ဆိုင်တွင်းမှ လူတစ်ယောက်က အကျိုးအကြောင်း ဆီးမေးလေသည်။


"တုန်လှုပ်ချောက်ချားစရာ သိပ်ကောင်းတဲ့ကိစ္စကြီး တစ်ခုကို ကျုပ် လုပ်ခဲ့မိပြီဗျာ၊ လွန်ခဲ့တဲ့ နာရီအနည်းငယ်ကပဲ ကျုပ်မိန်းမကို စကော့ချ်တစ်လုံးနဲ့ လဲသောက်လိုက်မိတယ်"

"ဟာ...အဖြစ်က ဆိုးလှချည်လားဗျာ၊ အင်း...ခု သူမရှိတော့မှ ခင်ဗျားသူ့ကို ပြန်လိုချင်နေပြီပေါ့၊ ဟုတ်ရဲ့လား"

"ဟုတ်တယ်ဗျာ"

အရက်မူးနေသူက ငိုရင်းပြန်ဖြေ၏။

"အေးလေ၊ မိန်းမကို အရက်တစ်လုံးနဲ့ လဲသောက်မိပြီဆိုတော့ ခင်ဗျား သိပ်စိတ်မကောင်းဖြစ်နေမှာပဲပေါ့၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားရဲ့ မဟာအမှားကြီးကို ခင်ဗျား ပြန်သိချိန်မှာ နှောင်းသွားပြီကိုး၊ ဟုတ်တယ်မဟုတ်လား"



သည်တော့ အရက်မူးနေသူက…

"အိုး အိုး…အဲဒီလိုလဲ မဟုတ်ပါဘူး၊ သူ့ကို ကျွန်တော် ပြန်လိုချင်တာက ကျွန်တော်အရက်ထပ်သောက်ချင်လာလို့ ပါဗျာ"ဟု ရှင်းပြလိုက်သော ဟူ၏။

## ခုမှ မူးသွားတော့တယ်


မူးနေသော လူတစ်ယောက်သည် ရဲနားသွား၍ မေးလေသည်။

"ချရာ...ဘယ်နှစ်နာရီ ချိနေပလဲ"

ရဲသားက "တစ်နာရီ"ဟု ပြောပြီး ထိုလူ့ခေါင်းကို နံပါတ်တုတ်နှင့် တစ်ချက် ရိုက်လိုက်၏။

ထိုအခါ အမူးသမားက...

"အိုးဟိုးဟိုး...ခုမှပဲ ပိုမူးသွားတော့တယ်...ကျေးဇူး ကျေးဇူး..."ဟု ရေရွတ်ရင်း ယိမ်းထိုးပြန်ထွက်သွားလေ၏။





## တော်သေးတာပေါ့ ဆရာရယ်

‘ဘရု(စ)’က ဆေးစစ်ခံရန် ဆရာဝန်ထံသွား၏။

ဆရာဝန်က ပြောပြသည်။

“ရှင်းပါတယ်ဗျ၊ ခင်ဗျားခန္ဓာကိုယ် ပိန်ချုံးနေတာ အရက်ကြောင့်ပါ”

သည်တော့ ဘရု(စ)က…

“တော်သေးတာပေါ့ဗျာ၊ မိန်းမက ကျွန်တော့်ကြောင့်ချည်း ပြောပြောနေတာ ဆရာရဲ့”



**အမှန်တရားပဲ**

ဘားဆိုင်အတွင်းမှာ 'ဘင်'၏ဘေးတွင် အရုပ်အဆိုးဆုံးဟု ပြောနိုင်သော အမျိုးသမီးတစ်ယောက် ထိုင်နေ၏။ ဒီလောက်အရုပ်ဆိုးသော အမျိုးသမီးကို ဘင် တစ်ခါမှမကြုံဆုံဖူးခဲ့။ အရုပ်ကဆိုးလွန်းတော့လည်း အမျိုးသမီးဘက်က စလာသမျှကို ဘင် ငြင်းပယ်မိသည်ချည်းဖြစ်၏။

အရက် အတော်လေးဝင်သွားပြီဖြစ်သော ထိုအမျိုးသမီးက ခဏအကြာမှာ...


“နောက်တစ်ခွက် ထပ်သောက်မိရင် ရှင် ငြင်းခဲ့တဲ့အတွက် ကျွန်မသိပ်ခံစားသွားရမယ်ထင်တယ်”ဟု ဆိုလေသည်။

သည်တွင် ဘင်က အမျိုးသမီးဘက်လှည့်လိုက်ပြီး... ကျွန်တော်လဲ နောက်ထပ်တစ်ခွက် ဝင်သွားပြီဆိုရင် ကျွန်တော် မငြင်းတော့ဖို့ များနေပါတယ်ဗျာ”ဟု ဝန်ခံစကားပြောလေသောဟူ၏။

## အဲဒီလူ

အရက်ဆိုင်အတွင်းမှ သိုင်းကွက်နင်းထွက်လာကြသော 'ပက်'နှင့် 'မစ်'တို့ မကြာခင် လူချင်းကွဲသွားကြ၏။ သည်တွင် ပက်က ရဲသားတစ်ယောက်နား သွားပြီး...

"ဒီမှာ ဒီမှာ...ကျွန်တော်မပါဘဲ တစ်ယောက်တည်း လျှောက်သွားနေတဲ့ လူတစ်ယောက်ကိုများ မမြင်မိဘူးလား ခင်ဗျာ"ဟု စုံစမ်းလိုက်လေ၏။






## မသောက်သူတွေကြောင့်

ဘားကောင်တာကို မှီပြီး လူနှစ်ယောက်အလေးအနက် ဆွေးနွေးနေကြလေ၏။

"ယာဉ်တိုက်မှု ၁၀ ရာခိုင်နှုန်းဟာ အရက်သောက်ပြီး မောင်းကြတဲ့ ဒရိုင်ဘာတွေကြောင့်လို့ဆိုတယ်မဟုတ်လား"

သည်တော့ သောက်ဖော်က…

"ဒါဟာ…ယာဉ်တိုက်မှု ၉၀ ရာခိုင်နှုန်းက အရက် မသောက်သူတွေကြောင့်ဖြစ်ရတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲဗျ"ဟု ကောက်ချက်ဆွဲလိုက်သောဟူ၏ "



**ဖဲဒင်**

အရက်ဆိုင်တစ်ဆိုင်မှာ 'ဂျိုး'က အရက်သောက်ပြီး အမျိုးသမီးစားပွဲထိုးသို့ ဆယ်ဆင့်စေ့ သုံးစေ့ ဘောက်ဆူး ပေးလေသည်။ နောက်တစ်ညမှာ ထိုဆိုင်သို့ ဂျိုးပြန်လာ၏။ သည်အခါ ဘောက်ဆူးအချခံရသူ အမျိုးသမီး စားပွဲထိုးက "ရှင် မနေ့ညက ပေးခဲ့တဲ့ ဘောက်ဆူးဆယ်ဆင့်စေ့ သုံးစေ့ကို ကြည့်ပြီး ကျွန်မ ဖဲဒင်ဟောနိုင်တယ်"ဟု ဆိုလာ၏။

"တကယ်လားဗျာ၊ လုပ်စမ်းပါဦး"

"ရှင်က ဆယ်ဆင့်စေ့ သုံးစေ့ကို ညီညီ ညာညာ ချပေးသွားတာ၊ ဒါကိုကြည့်ပြီး ရှင်ဟာ သေသေသပ်သပ် ဆောင်ရွက်တတ်သူလို့ ပြောနိုင်တယ်၊ ပထမ ဆယ်ဆင့်စေ့က ရှင်အသုံးအစွဲသိပ်ကို ချွေတာခြိုးခြံတယ်ဆိုတာကို ပြတယ်၊ ဒုတိယ ဆယ်ဆင့်စေ့က ရှင် လူပျိုတစ်ယောက်ဖြစ်တယ်ဆိုတာကိုပြတယ်"ဟု ဖြည်းဖြည်းချင်းရှင်းပြနေသည်။


ဂျိုးက ဖြတ်မေး၏။

"တတိယ ဆယ်ဆင့်စေ့က ဘာကိုပြသလဲဗျာ"

"အင်း...တတိယဆယ်ဆင့်စေ့ကတော့ ရှင့်အဖေဟာလဲ ရှင်လို လူပျိုတစ်ယောက်ပဲ ဖြစ်တယ်ဆိုတာကို ပြတာပေါ့ရှင်"

**အောင့်သက်သက်**

ရထားမထွက်ခင် စက္ကန့်အနည်းငယ်အလိုမှာ အရက်မူးနေသူ သုံးဦး ဘူးတာထဲဝင်လာကြ၏။ ရထားပေါ်တက်ရန် ဘယ်လိုမှ မဖြစ်နိုင်တော့သည့် အခြေအနေမှာ ကူညီလိုစိတ်ရှိသော ရုံပိုင်က သူတို့ကို ရထားပေါ် တင်ပေးနိုင်ရန် ကြိုးစားပမ်းစား ဆောက်ရွက်လေတော့၏။ သို့တိုင် ရုံပိုင်သည် နှစ်ယောက်ကိုသာ ရထားပေါ် တင်ပေးချိန်ရလိုက်၏။ ထို့ကြောင့် ကျန်ရစ်ခဲ့သော တစ်ယောက်ဘက် တောင်းပန်လိုသော အမူအရာဖြင့် လှည့်လိုက်ပြီး...



"စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျားကိုပါ တင်ပေးလိုက်နိုင်မယ်ထင်တာ"ဟု ပြောပြလေသည်။

သည်တော့ မူးနေသူက…

"ဟုတ်ကဲ့…ဟုတ်ကဲ့၊ ကျုပ်သူငယ်ချင်းနှစ်ယောက်ကလဲ အတော်လေး စိတ်မကောင်းဖြစ်နေကြမှာပါပဲ၊ ရထားပေါ် ခင်ဗျားတင်ပေးလိုက်တဲ့ သူတို့နှစ်ယောက်က ကျုပ်ကိုလိုက်ပို့ကြတာလေ"ဟု ရှင်းပြလိုက်လေ၏။

## 'ကျုပ်'နှစ်ယောက်

အရက်မူးနေသူတစ်ယောက်သည် သူ့အိမ်ကို ဒယီး ဒယိုင်ပြန်လာခဲ့သည်။ သူ့ကို ဆိုင်မှာတွေ့သူတစ်ယောက် က အိမ်အထိလိုက်ပို့ပေး၏။


အိမ်ပြန်အရောက်မှာ အမူးသမားက ခပ်ကြွားကြွား ပြောနေလေသည်။


"ဟောဒါ ကျုပ်အိမ်လေ"

"ဟို မီးပန်းဆိုင်းကြီး၊ မြင်ရဲ့မဟုတ်လားဗျ၊ ကျုပ်ဟာ ပဲပေါ့"

"ဒါက…ကျုပ်စန္ဒရား၊ ဟောဟိုမှာ ဗွီဒီယို၊ ကျုပ်ပိုင်ပဲ"

"အဲ…ကြည့်လိုက်ဦး၊ အဲဒီကုတင်ပေါ်က ချစ်စရာသိပ် ကောင်းတဲ့အမျိုးသမီး၊ ဟဲဟဲ…ကျုပ်မိန်းမလေ၊ အဲ…အဲ… သူနဲ့အိပ်နေတာ…၊ အို…အဲဒါလဲ…ကျုပ်ပဲ၊ကျုပ်ပဲ"





## အဝင် နည်းနေပါတယ်

လက်တွေတုန်နေသဖြင့် 'ဒင်းနစ်'သည် ဆရာဝန်ထံ သွားပြ၏။


ဆရာဝန်က စစ်ဆေးကြည့်ပြီး "ခင်ဗျားသိပ်သောက်သလား"ဟုမေးသည်။

ဒင်းနစ်က "အမယ်လေးဆရာရယ်၊ ဒီလောက် လက်တွေတုန်နေမှတော့ ပါးစပ်ထဲရောက်တာ နည်းနည်း၊ ဖိတ်ကျတာက များများပေါ့ဆရာ"

## ကျောချမ်းစရာကြီး


လှပသောအမျိုးသမီးကြီး 'ဂျိုက်စ်'အဖို့ ကနေ့ညသည် ပထမဆုံး အလုပ်လုပ်ရသော ညပင်ဖြစ်သည်။ ဆိုင်တွင်းမှာ အမျိုးသားဖောက်သည်နှစ်ယောက်ရှိနေ၏။ သူတို့က ဆိုင်တစ်ဖက်စွန်းစီမှာ ထိုင်သောက်နေကြ၏။ သူတို့ နှစ်ယောက်စလုံးက ဂျိုက်စ်ကို အပြင်ခေါ်နေကြ၏။ ဂျိုက်စ်ကလည်း သူတို့နှစ်ယောက်စလုံးကို လုံးဝ စိတ်မဝင်စား၊ သန်းခေါင်ချိန် နီးလာသောအခါ တစ်ယောက်သော အမျိုးသားက သူ့လိပ်စာရေးထားသော စာရွက်ကလေးနှင့် သော့တစ်ချောင်းကို ဂျိုက်စ်လက်ထဲ လာထည့်၏။ ဂျိုက်စ်က စာရွက်နှင့် သော့ကို လက်ခံလိုက်ပြီး ထိုလူ့နားနားကပ်၍ တိုးတိုးလေး ပြောလိုက်၏။

"မီးတွေအားလုံးမှိတ်ထားပြီး အိပ်ရာထဲမှာ အိပ်နေပါ၊ ၁၂ နာရီမှာ ကျွန်မလာခဲ့မယ်"



ထိုအမျိုးသား ပြန်ထွက်သွားသည့်အခါ ဂျိုက်စ်သည် ဆိုင်တစ်ဖက်စွန်းမှ ထိုင်သောက်နေသော ကျန်အမျိုးသား ဆီသွား၍ စာရွက်နှင့်သော့ကို ထိုးပေးလိုက်၏။ ပြီးလျှင်

"ဒီည ၁၂ နာရီမှာ အဲဒီလိပ်စာအတိုင်း လာခဲ့နော်၊မီး တွေမှိတ်ပြီး အိပ်ရာထဲမှာ ကျွန်မရှင့်ကို စောင့်နေမယ်"ဟု မှာလိုက်လေသည်။



## ကွက်တိ…ကွက်တိ

ကောတေး ပါတီတစ်ခုတွင် မူးနေသော ညွှဲ့သည် အမျိုးသားတစ်ဦးက သူစိမ်းအမျိုးသမီးကြီးတစ်ယောက်ကို ဖက်လိုက်မိ၏။

"အား ဆောရီး…ဆောရီး၊ ကျွန်တော်က ကျွန်တော့် မိန်းမမှတ်လို့"

သူ့အမှားကို သိလိုက်သဖြင့် အမျိုးသားက တောင်း ပန်လေသည်။

"ဘယ်လိုရှင့်၊ရှင့်မိန်းမမှတ်လို့…ဟုတ်စ၊ ဟင်း…ရှင့်များ 'လင်'တော်ချင်လွန်းလို့၊ ရှင့်မြင်လိုက်တာနဲ့ လူ့ခွစာမှန်း၊ အရက်သမားမှန်း၊ အော်ဂလီဆန်စရာလူရမ်းကားမှန်း သိတယ်ရှင့် သိတယ်…ဟင်း"

သည့်တွင် အမူးသမားက အလွန်အမင်း အံ့ဩသွားပုံဖြင့် …

"အလိုလေးလေး…ခင်းဗျားဟာ ကျုပ်မိန်းမနဲ့ ရုပ်ချင်းသာ တူတာမှမဟုတ်ဘဲ၊ အာကြမ်းတာချင်းလဲ တူနေသကိုး"ဟု ပြောချလိုက်လေ၏။


## တိုတိုပဲပြော


အမူးသမားက ရဲသားနားချဉ်းကပ်သွားသည်။

“ကျုပ် ဘယ်ကို ရောက်နေသလဲဗျာ”

“လမ်းမတော်နဲ့ ချက်စတာရိပ်သာလမ်းထောင့်ကို ရောက်နေတယ်လေ”


“အိုဗျာ…အသေးစိတ်ပြောနေစရာ မလိုပါဘူး၊ ဒါ ဘာမြို့လဲ”





**နောက်ဆုံးကျမှ**

ယောကျ်ားဖြစ်သူသည် အိပ်ရာနိုးသည်တွင် ခေါင်းတစ်ခုလုံး အုံနေ၊ ကိုက်ခဲနေသဖြင့် တညည်းညည်းတညူညူဖြစ်နေ၏။ ထိုအခါ မိန်းမက "ရှင် အဲဒီဒဏ်ကို မခံနိုင်ရင် ဘာကြောင့် အစက မူးအောင်သောက်ရတာလဲ"ဟု အပြစ်တင်လိုက်၏။ သည်အခါ ယောကျ်ားက "အစက မမူးဘူးဟေ့၊ နောက်ဆုံးကျမှ မူးတာ"ဟု ပြန်ပက်လေ၏။



**အံ့ ရောဗျာ**

'ဘင်'နှင့် 'မစ်ကီ'အရက်ဆိုင်ထဲမှာ ထိုင်၍ ဖနာရီ သတင်းကို ကြည့်နေကြသည်။ သတင်းကြေညာနေစဉ် 'ဘရ ကင်းတံတားကြီး'ပေါ်မှ ခုန်ချတော့မည့် လူတစ်ယောက် တံတားပေါ်မှာ ရပ်နေပုံ ပေါ်လာသည်။

"ဟာ...ဒီမှာ ဘတ်၂၀၊ အဲဒီလူ ခုန်မချဘူးဗျာ..."

ဘင်က ပြောလိုက်၏။

“ကောင်းပြီ၊ လောင်းတယ်”

မစ်ကီက လက်ခံသည်။

ထိုလူသည် တံတားကြီးပေါ်မှာ စက္ကန့် ၂၀ လောက် ငြိမ်ရပ်နေရာမှ ရုတ်တရက် တစ်ချက်ခုန်လိုက်ပြီး တံတားပေါ်မှ ရေထဲသို့ ထိုးစိုက်ချလိုက်၏။

“ခင်ဗျားနိုင်သွားပြီ၊ ရော့...ဘတ်၂၀”

ဘင်ကပြောရင်း လောင်းကြေးငွေကို ထိုးပေးလိုက်၏။

သည်တော့ မစ်ကီက...


“မင့်ငွေကို ငါမယူပါဘူး၊ ဒီလူခုန်ချမယ်ဆိုတာ ငါ သိထားတယ်ကွ၊ စောစောကတည်းက ဒီသတင်းကိုငါကြည့်ခဲ့ရတယ်လေ” အမှန်အတိုင်းပြောလေသည်။

သည်အခါ ဘင်က...

“ကျွန်တော်လဲ ဒီသတင်းကို စောစောက ကြည့်ပြီးသားပါပဲဗျာ၊ ဒါပေမယ့် ဒီလူ ဒုတိယအကြိမ်ပြန်ခုန်ချမယ်လို့ လုံးလုံး မထင်မိဘူး”တဲ့။

## အမိန့်တော်မြတ်

ယာခင်းထဲ၌ 'မက်'လုပ်ရသည့် နေ့စဉ်အလုပ်မှာ နွားနို့ညှစ်ခြင်း၊ ညှစ်ပြီးလတ်လတ်ဆတ်ဆတ် နို့ပုံးတစ်ပုံးကို သူ့အဒေါ်'မေရီ'ထံ ပို့ပေးရခြင်းပင် ဖြစ်၏။ တစ်နေ့ မက်က သူ့အဒေါ်ကို ကျီစားလိုသဖြင့် သူညှစ်ထားသော လတ်လတ်ဆတ်ဆတ်နွားနို့ထဲ ဝီစကီနည်းနည်း ရောထည့်လိုက်၏။ ထိုနွားနို့ကို သောက်မိသူ အဒေါ်သည် အနံ့ရောအရသာကိုပါ စွဲမက်နှစ်ခြိုက်သွားလေတော့၏။ ထို့ကြောင့် မက်က ဝီစကီနည်းနည်း နေ့စဉ်ရောပို့လေ၏။



တစ်မနက်တော့ မက်အိပ်ရာထနောက်ကျသွားသည်။ ထို့ကြောင့် နေအတော်မြင့်မှအဒေါ်ဆီ နွားနို့သွားပို့ဖြစ်သည်။ ထိုအချိန်တွင် အဒေါ်က သူ့ကို စောင့်မျှော်နေပြီဖြစ်သည်။ မက်ရောက်လာသည်နှင့် အဒေါ်သည် နို့အပြည့်ထည့်ထား သော ခွက်ကြီးကို အငမ်းမရ လှမ်းယူပြီး "တခြားလုပ်ချင် တာလုပ် ဒီနွားမကိုတော့ ဘယ်တော့မှ မရောင်းလိုက်နဲ့လို့ မင်းအဖေကိုပြောလိုက်"ဟု အမိန့်တော်မြွက် မှတ်လေသော ဟူ၏။


## မေ့ချင်ပါလျက်


လူတစ်ယောက်သည် ဘီယာသောက်ရင်း ငိုနေ၏။

“ဘာဖြစ်လို့လဲ မိတ်ဆွေကြီး”

ဆိုင်ရှင်က မေးကြည့်သည်။

“ကျုပ်မေ့ဖို့ကြိုးစားနေတဲ့ မိန်းကလေးနာမည်ကို ကျုပ်မေ့သွားလို့ဗျာ”





**အသက်**

ဘတ်စ်ကားပေါ်တွင်လိုက်ပါလာသူ အမူးသမားက လက်မှတ်စစ်အား သူလက်မှတ်ဝယ်ပြီးကြောင်း၊ သို့သော် လောလောဆယ်မှာ ပျောက်နေကြောင်း ပြောပြသည်။

"ကိစ္စမရှိပါဘူး၊ခင်ဗျားလက်မှတ်ဝယ်စီးတယ်ဆိုတာ ကျွန်တော်ယုံပါတယ်"

လက်မှတ်စစ်က ပြန်ပြောသည်။

"ကိစ္စမရှိဘူးမလုပ်နဲ့ဗျ၊ ကိစ္စရှိတယ်၊ လက်မှတ်မရှိ တော့ ကျုပ်ဘယ်သွားရမှန်း မသိတော့ဘူးပေါ့"

အမူးသမားက ပျောက်နေသော လက်မှတ်ကို ဆက်ရှာနေရင်း ပြန်ပြောလိုက်လေသည်။

## သွေးသံရဲရဲ တိုက်ပွဲ

'ဂျူဂန်အရက်ဆိုင်'တွင်းသို့ 'ပက်ဒီး'ဝင်လာ၏။

"ဟော့...ဂျင်မီ၊ အရက်နှစ်ခွက် ပေးစမ်းကွာ၊ တစ်ခွက် မြန်မြန်ယူလာခဲ့"

"ဘယ်လိုဖြစ်တာလဲ"

ဆိုင်ရှင်က မေးကြည့်သည်။

"ဘာဖြစ်တာလဲဆိုတာ ငါပြောမယ်၊ မင်း တစ်ခါမှ မတွေ့ဖူးတဲ့ သွေးသံရဲရဲတိုက်ပွဲတစ်ခုကို ငါဆင်နွှဲမလို့ကွ၊ အိုကွာ...သိပ်ကို ကြောက်စရာတိုက်ပွဲကြီးပေါ့"

ဆိုင်ရှင်က နှစ်ခွက်ထည့်ပေးလိုက်၏။ ပက်ဒီး တစ်ကျိုက်တည်း မော့လိုက်၏။

"ဟော့...ဂျင်မီ၊ ငါ တယ်လီဖုန်းပြောလို့ရမလား"

"ရပါတယ်၊ ပြောလေ"

ပက်ဒီးက ဖုန်းဖြင့် သူ့ဆရာဝန်ကိုလှမ်းပြောနေ၏။

"ဒေါက်တာ၊ဒေါက်တာအခန်းမှာပဲ ကျေးဇူးပြုပြီးနေပေးပါ၊ ဘယ်ကိုမှမသွားပါနဲ့ဦး၊ အရေးပေါ်အတွက် အဆင်သင့်ဖြစ်နေစေချင်လို့ပါ၊ ဂျူဂန်အရက်ဆိုင်ထဲမှာ မကြာခင် ကြောက်စရာ တိုက်ပွဲကြီးတစ်ခု ဖြစ်တော့မှာ ဒေါက်တာ"



ပြောပြီးဖုန်းပြန်ချလိုက်၏။ နောက် ဆိုင်ရှင်ဘက်လှည့်ကာ မှာပြန်၏။

"ဟေ့...ဂျင်မီ၊ နောက်ထပ်နှစ်ခွက်၊ တိုက်ပွဲကြီးကို မင်းမြင်ရတော့မယ်ကွ၊ မြင်ရတော့မယ်"

သည်တွင် ကောင်တာနောက်မှာရပ်နေသည့် ဂျင်မီက မော့ကြည့်လိုက်၏။

"နေစမ်းပါဦး၊ ခင်ဗျားက ဘယ်သူနဲ့ တိုက်မှာပါလိမ့်"

"မင်းနဲ့ဟေ့ မင်းနဲ့၊ ငါ့မှာ အရက်ဖိုး ပိုက်ဆံမပါဘူးဒါပဲ"



## သူ့ရေချိန်

'မာဖီ'အမည်ရှိ အိုင်းရစ်တစ်ယောက်သည် အရက်ဆိုင်ထဲ၌ အရက်တစ်ခွက်သောက်ပြီးတိုင်း သူ့အိတ်ကပ်တွင်းမှ အမွေးစုတ်ဖွားကြောင်ကလေးကို ထုတ်ယူပြီး ကောင်တာပေါ်တင်၍ စိုက်ကြည့်နေတတ်၏။ ထိုသို့ ပြုလုပ်သောအကြိမ်များလာသည်တွင် ဆိုင်ရှင်သည် စပ်စုချင်စိတ်ကို မထိန်းချုပ်နိုင်ဖြစ်လာတော့၏။ ထို့ကြောင့် "ဘာလုပ်တာလဲဗျ"ဟု မေးကြည့်မိလေသည်။

"ဒီလိုလေ…ကြောင်တစ်ကောင်ကိုသာ ကျုပ်မြင်နေသေးတယ်ဆိုရင် အခြေအနေ ကောင်းနေသေးတယ်ပေါ့၊အဲ နှစ်ကောင်မြင်လာပြီဆိုရင်တော့ ကျုပ်တစ်ခုခု လုပ်ရတော့မယ်လေ"

"ဘယ်လိုတစ်ခုခုများလဲဗျ၊ လုပ်စမ်းပါဦး ရင်တုန်စရာပဲ"


"ကြောင်နှစ်ကောင်ကို ကောက်ယူ၊ အိတ်ကပ်ထဲ ပြန်ထည့်၊ အဲ…အိမ်ပြန်ပေါ့ဗျာ"ဟု မာဖီက ရှင်းပြလိုက်၏။


**အရက်နှင့် အလှ**

“အရက်သောက်ထားတော့ မောင်က ပိုချောနေသလို ပဲ”

“ဟာ...မောင်မသောက်ပါဘူး”

“ကျွန်မသောက်ထားတယ်လေ...မောင်ရဲ့”





## သေပွဲ

ခြေလှမ်း မမှန်တော့သော လူနှစ်ယောက်က သူတို့အဖော်ကို အလယ်မှာထား၍ တစ်ဖက်တစ်ချက်စီ တွဲပြီး အရက်ဆိုင်ထဲ တရွတ်ဆွဲဝင်လာကြ၏။ ဆိုင်ထဲရောက်သည်နှင့် တွဲလာသူကို လွှတ်ချလိုက်ရာ ထိုသူ ကြမ်းပြင်ပေါ် ပုံကျသွားလေတော့၏။

"ဟော့ ဘီယာနှစ်ခွက်...နှစ်ခွက်"

ရပ်နေနိုင်ဆဲ နှစ်ယောက်အနက်တစ်ယောက်က လှမ်းမှာ၏။ ထိုအခါ ဆိုင်ရှင်က ကြမ်းပြင်ပေါ်မှာ ခွေခွေကလေး လဲကျနေသူကို တစ်ချက်ကြည့်လိုက်ပြီး...

"သူ့အတွက်ရော"ဟု မေး၏။

"အိုး...သူထပ်သောက်လို့ မဖြစ်ဘူးလေ၊ ကားမောင်းရဦးမှာ"



## ဒါ...ငရဲ


စိတ်နေသဘောထားနှင့် အမူအကျင့်ချင်း ဝင်ရိုးစွန်းနှစ်ခုလို ကွားခြားနေပြား 'ပက်ဒီ'နှင့် 'အက်စ်တန်'တို့သည် အလွန်သံယောဇဉ်ကြီးကြသောသူငယ်ချင်းများဖြစ်ကြသည်။ ပက်ဒီက လူသွမ်းလူပေ့ါ။ မိန်းမလိုက်စားသူ။ အရက်သမား။ ကောက်ကျစ်ယုတ်မာသူ။ အက်စ်တန်က တကယ့်သူတော်စင်။

သူတို့သေကြသောအခါ အက်စ်တန်သည် နတ်ပြည်ရောက်။ ဟိုလူ ပက်ဒီက ငရဲသွား။ နတ်ပြည်ရောက်သူ အက်စ်တန်သည် တိမ်တိုက်တွေကိုပဲ နေ့စဉ်မြင်တွေ့နေရ၏။ နတ်သားတွေကို မြင်နေရ၏။ စောင်းသံ ကြားနေရ၏။ ကြာတော့ ငြီးငွေ့လာတော့၏။ လူ့ဘဝက သူငယ်ချင်းကိုလည်း သတိရ၏။ သူ့အတွက် စိတ်ပူမိ၏။ နတ်ပြည်မှာ သည်မျှပျင်းစရာကောင်းနေလျှင် ငရဲပြည်ဘယ်လိုရှိပါ့။ လုံးဝတုန်လှုပ်ချောက်ချားစရာကောင်းမှာ အမှန်။ သူငယ်ချင်းအတွက် ပိုစိတ်မကောင်းဖြစ်သွားသည်။ ထို့ကြောင့် သူ့သူငယ်ချင်းအခြေအနေကို သိနိုင်မသိနိုင် နတ်သားတစ်ပါးကို မေးကြည့်လေသည်။

တိမ်တိုက်တွေ ရုတ်တရက်ကွဲသွား၏။ ကွဲသွားသောတိမ်တိုက်ကြားမှ မှန်ပြောင်းဖြင့် အက်စ်တန်က ကြည့်လိုက်ရာ…အမယ်….အမယ်…မယ်၊ငါကဖြင့် သူ့အတွက် ပူနေလိုက်ရတာ၊ စိုးရိမ်လိုက်ရတာ၊ ဟင်း…ဒင်းက ဖိမ်ကို ကျလို့ပါလား။ ရွှေရောင်ဆံပင်နှင့် မိန်းမချောကလေးက သူ့ပေါင်ပေါ်မှာ ထိုင်လို့။ ငါ့လူလက်ထဲမှာလည်း အရက်ပုလင်းနဲ့။ အက်စ်တန် မနာလိုတိုရှုည်ဖြစ်ပြီ။ ဒေါသထွက်ပြီ။ လုံးလုံးမတရားဘူး။ ငါ့မှာဖြင့် စွန့်လွှတ်လိုက်ရတာ။ စွဲမက်စရာကာမဂုဏ်အာရုံတွေကို ရှောင်လိုက်ရတာ။ ဘာအမြတ်ထွက်သလဲ။ သေချင်လောက်အောင် ငြီးငွေ့နေရတာပဲအဖတ်တင်တယ်။ ဟင်း…ဟိုငနဲ၊ လူဆိုးလူပေ၊ လူ့ကလေကချေ၊စဉ်းလဲကဖြင့် ဖိမ်ကိုကျလို့။

သည်တော့ နတ်သားက အက်စ်တန်ကိုနှစ်သိမ့်သည်။

"အရာရာတိုင်းဟာ ထင်သလိုမဟုတ်ပါဘူး၊ သင် သူ့လက်ထဲက ပုလင်းကို မြင်နေရတာ မှန်တယ်၊ ဒါပေမဲ့ ပုလင်းထဲမှာ ဘာမှမရှိပါဘူး၊ သင့်သူငယ်ချင်းဟာ အရက် ပုလင်း သူ့လက်တွင်းမှာရှိနေပေမယ့် သူအရက်မသောက်ရ ပါဘူး၊ အဲဒါ ငရဲပါပဲ။ နောက်ပြီး ရွှေရောင်ဆံပင်နဲ့ မိန်းမ ချောကလေး...၊ တကယ့်အရှိဘဝမဟုတ်ပါဘူး၊ သင့်သူငယ် ချင်းရဲ့ အမြင်အာရုံထဲက မိန်းမချောကလေးပါ၊ အဲဒါ...ငရဲ ပါပဲ"



**တော်သေးရဲ့**

"ဒီဆိုင်က ဘီယာသိပ်ညံ့တာပဲ"

"ကျုပ်ကတော့ ဝမ်းသာရမှာပဲဗျ၊ အဝသောက်ပြီးနေပြီလေ"


## မဆိုင်တာ ဆွဲမထည့်နဲ့


စားဖိုမှူးအသစ်ကို ငှားရမ်းပြီးနောက်ပိုင်း သူ့စံအိမ်ကြီးထဲရှိ အရက်ပုလင်းတွေ ပျောက်ပျောက်သွားလေသောအခါ သူဌေး သည်အတိုင်းနေ၍ မဖြစ်တော့။

စားဖိုမှူးကလည်း သူဌေး၏ သံသယကို ရင်ဆိုင်ဖြေရှင်းလိုသဖြင့် "ကျွန်တော်ဟာ ရိုးသားဖြောင့်မတ်တဲ့အင်္ဂလိပ်လူမျိုးမိသားစုက ဆင်းသက်ခဲ့သူဖြစ်တယ်ဆိုတာ သူဌေးသိမယ်ထင်ပါတယ်"ဟု စကားခံလိုက်၏။

စားဖိုမှူး စကားပြောနေစဉ် အရက်နံ့ထွက်လာသဖြင့် သူဌေးက...

"ရှင်းရှင်းပြောရရင် ခုကိစ္စက မင်းရဲ့အင်္ဂလိပ်ဘိုးဘေးတွေနဲ့ မပတ်သက်ဘူး၊ မင်းအရက်ပုလင်းတွေ ခိုးတာနဲ့ပဲ ပတ်သက်တယ်"ဟု ပြောင်ပြောလိုက်လေ၏။





## ရက်စက်လိုက်လေ

အမူးသမားကို တရားသူကြီးက သက်ညှာလိုက်သည်။

"မင်းကို ကျုပ် ချုပ်မထားပါဘူး၊ မင့်အဖေကို ကျုပ် သိပါတယ်လေ၊ ဒါကြောင့် မင့်အဖေဆီပဲ ပြန်ပို့ပေးလိုက်မယ်"


"အား..ဒီလိုပဲလုပ်တော့မှာလားခင်ဗျာ၊ အဖေ့အိမ်ပြန်ပို့ရင် ပိုဆိုးတော့မှာပေါ့"

"အေး...ကျုပ်လဲ ဒီအတိုင်းအထင်သား"

## ‘ပက်ဒီ’တော်သည်

ပုံမှန်မဟုတ်တော့သော ‘ပက်ဒီ’တစ်ယောက် ဘားဆိုင်မှ သူ့အိမ်သို့ ကားမောင်းပြန်သွားလေသည်။ လမ်းတွင် ကားတိုက်မှုဖြစ်ရာ ဘုန်းတော်ကြီး၏ကား ပျက်စီးသွား၏။

လုံးဝ စိတ်မကောင်းခြင်းဖြင့် ချောက်ချောက်ချားချား ဖြစ်နေသော ဘုန်းတော်ကြီးအား ကူညီဖေးမရန်သူပြေးသွား၏။ သွေးကြောများ ပုံမှန်ဖြစ်နေစေရန် သူ့ပုလင်းထဲက အရက် တစ်စက်နှစ်စက်ဖြင့် လိမ်းနယ်ခွင့်ပြုပါရန်လည်း သူက ဘုန်းတော်ကြီးအား ခွင့်ပန်လိုက်လေသည်။ ဘုန်းတော်ကြီးက ခွင့်ပြုတော်မူ၏။



ပထမ တစ်စက်…နှစ်စက်…။

ဒုတိယ တစ်စက်…နှစ်စက်…။

နောက် တစ်စက်…နှစ်စက်…။ နောက်…နောက်… နောက်…။

ဟော…ရဲတွေရောက်လာပြီ။

မိတ်ဆွေ…တွေးကြည့်လိုက်စမ်းပါ။ အရက်မူးပြီး မောင်းသူအဖြစ် ရဲက ဘယ်သူ့အား မှတ်သွားမည်ထင်ပါ သနည်း။


## သိချင်တာပါ

သန်းခေါင်ယံအချိန်၌ သင်္ချိုင်းတစ်ခုကို ဖြတ်သွားနေသူ အမူးသမားတစ်ယောက်သည် ‘ခေါင်းဆိုင်ကို ခေါ်လိုလျှင် ခေါင်းလောင်းဆွဲပါ’ဟူသော ဆိုင်းဘုတ်ကလေး တစ်ခုကို မြင်လိုက်လေသည်။

သူ ခေါင်းလောင်းကို ဆွဲကြည့်လိုက်သည်။ ချက်ချင်းပင် “ဘာလိုလို့လဲ”ဟူသော အိပ်ချင်မူးတူးလေသံ ပေါ်လာသည်။

“ဘာမှလိုလို့ မဟုတ်ဘူး၊ ခေါင်းလောင်းကို ခင်ဗျားကိုယ်တိုင် ဘာကြောင့်မဆွဲနိုင်ရတာလဲဆိုတာကို သိချင်လို့ပါ”





**ညနှင့်မနက်**

“မင်းက အကျည်းတန် အရုပ်ဆိုး”

“အေး...ဟုတ်တယ်၊ နင်က ငမူး”

“အောင်မယ်...မနက်ကျတော့ မမူးတော့ပါဘူးဟာ”

## ခင်ဗျားတို့ခက်တယ်

အပူရှိန် များခဲ့သည့် မကြာသေးခင်ရက်များအတွင်း တစ်ရက်မှာ အရက်ဆိုင်တစ်ဆိုင်ရှေ့က လမ်းဘေးတွင် လူတစ်ယောက်လဲကျနေလေသည်။ ထိုလူနားသို့ လူတွေ ရောက်လာကာ တစ်ယောက်တစ်မျိုး အကြံပေးကြ၏။

"သူ့ကို ဝီစကီ နည်းနည်းတိုက်လိုက်ပါ"

အမျိုးသမီးတစ်ဦးက အကြံပေးသည်။

"ယပ်ခတ်ပေးကြလေ"

လူတစ်ယောက်က ဝင်ပြော၏။

"ဆေးရုံပို့ကြလေဗျာ"

အခြားတစ်ယောက်က ဆို၏။


"မဟုတ်ပါဘူး၊ သူ့ကို ဝီစကီနည်းနည်းသာ တိုက်လိုက်ပါ"

ပထမအမျိုးသမီးက ထပ်၍တိုက်တွန်းသည်။

"ခြေထောက်တွေ ထောင်ထားပေးပါလား"

မိန်းမကြီးတစ်ယောက်က အော်ပြောပြန်၏။

"ကျွန်မပြောနေတယ်၊ ဝီစကီ နည်းနည်းတိုက်လိုက်ပါ ဆိုမှ"




ပထမအမျိုးသမီးကပင် တတိယအကြိမ် ထပ် အဆို ပြုလိုက်ပြန်၏။

အကြံပေးတာတွေ မဆုံးတော့။ သည့်တွင် လဲကျနေသူ ရုတ်တရက် ထထိုင်လိုက်ပြီး မချင့်မရဲ အော်ပြောလိုက်၏။

"ခင်ဗျားတို့ဗျာ…ဟိုအမျိုးသမီးပြောတဲ့အတိုင်း ဘာဖြစ်လို့ မလုပ်ကြတာလဲ၊ သိပ်ခက်တာပဲ"

**သောက်စမ်းပါ**

ဝီစကီသုံးခွက် ဝင်သွားရင် ကျွန်မ ယောကျ်ားဟာ တကယ့်ကို စိတ်ပျက်စရာကောင်းတဲ့ သတ္တဝါကြီး ဖြစ်သွားတော့တာပဲ။ ဒါပေမယ့် အင်း...လေးခွက်လောက် သောက်ပြီးသွားရင်တော့ သတ္တဝါကြီး ငြိမ်သွားပြီလေ၊ ကျွန်မ စေရာသွားတဲ့သူ ဖြစ်သွားပြီရှင့်”





## ကိုယ့်ပြဿနာနဲ့ကိုယ်

အရက်ဆိုင်အတွင်း ထောင့်တစ်ထောင့်မှာ မြန်မြန် အမူးဒီဂရီတက်နေလေသော အမျိုးသားတစ်ဦးကို အမျိုးသမီးတစ်ဦး သတိပြုမိလေသည်။


"ရှင့်ကို ကျွန်မ ဒီမှာ အရင်ကလဲ တွေ့ဖူးတယ်၊ ရှင့်တွေ့လိုက်တိုင်း မူးနေတာချည်းပဲ၊ ဘာဖြစ်လို့ ဒီလောက်သောက်နေရတာလဲ"

ထိုအခါ အမျိုးသားက အရက်ကို ဆက်တိုက်မော့ချလိုက်ပြီး ညည်းညည်းညူညူ ပြောပြလေသည်။

"ကိုယ့်ပြဿနာနဲ့ ကိုယ်ပေါ့ဗျာ"

"မေးစမ်းပါရစေ၊ ဘာပြဿနာတဲ့လဲ"

"သိပ်သောက်တဲ့ပြဿနာပဲပေါ့ အမျိုးသမီးကြီးရယ်"



## တော်လှန်းလို့ပါကွာ

'အချိန်ကောင်း' အရက်ဆိုင်ရှင်က သူ့ဆိုင်ဝန်ထမ်းများကို ရုံးခန်းထဲသို့ ခေါ်ယူလိုက်၏။ ဆိုင်ရှင်က ဝန်ထမ်း 'ဂျင်း'ကို စ,ပြောလေသည်။

"ဂျင်း...မင်းဟာ အင်မတန်တော်ပါတယ်၊ သောက်သုံးသူတွေအကြိုက်ကို မင်းသိတယ်၊ ဆိုင်ကိုလဲမင်းပဲအစောဆုံးရောက်တာပဲ၊ဆိုင်မှာအပြစ်အနာအဆာ မရှိရလေအောင်

မင်းအမြဲတမ်း ဂရုစိုက်တယ်၊ ဆိုင်သိမ်းချိန်မှာလဲ အမှိုက်ကလေး တစ်စမကျန်တော့မှ မင်းပြန်တယ်၊ ဆိုင်အတွက် အရက်မှာယူရာမှာလဲ ဘာမှ ပြောစရာမလိုပါဘူး"

"သူဌေးခင်ဗျား၊ ခု သူဌေးပြောနေတာတွေဟာ ကျွန်တော့်ကို လစာတိုးပေးမယ့်သဘောလား"


"မဟုတ်ဘူး၊ မင်းကို အလုပ်ဖြုတ်မလို့ကွ၊ လူတွေက မင်းကို ဒီလောက်ကြိုက်နေမှပဲကွာ၊ ငါ့ဆိုင်ကထွက်ပြီး ကိုယ်ပိုင်ဆိုင်ဖွင့်လို့ရပြီပေါ့၊ မဟုတ်ဘူးလား"


## ငဲ့တာတဲ့

ယစ်ထုတ်ကြီး 'ဘရု(စ)'တစ်ယောက် နောက်ဆုံးတော့ အရက်ပြတ်သွားလေသတည်းပေါ့။ ပြတ်သွားတဲ့အကြောင်းရင်းက...

သူ့ကျောက်ကပ်တွေကို ငဲ့ကွက်လို့...တဲ့။

သူ့မိန်းမကို ငဲ့ကွက်လို့...တဲ့။





## ပါးစပ်ကို အနားပေးရအောင်

လမ်းမကြီးအတိုင်း ဒယီးဒယိုင် လျှောက်လာသူ တစ်ယောက်ကို အမျိုးသမီးတစ်ဦးက မနှစ်မြို့ဟန်ဖြင့် ပြောလိုက်၏။

"ရှင့်ကိုတွေ့တိုင်း အရက်ပုလင်းကိုင်လျက်ချည်းပဲ"

ထိုသူ လေတစ်ချက်အန်လိုက်ပြီး...

"ဒါပေါ့ဗျာ၊ ကျုပ်ပါးစပ်ထဲ ပုလင်းကြီးကို အမြဲတမ်း ဘယ်ထည့်ထားနိုင်ပါ့မလဲ၊ ဟုတ်ဘူးလား"ဟု ပြောပြီး မေးလိုက်သေးသည်ဟူ၏။



## သည်မိန်းမ

သေလုနီးပါးဖြစ်နေသော 'အာရဘင်ရဲစတိန်း'က သူပိုင်ပစ္စည်းဥစ္စာများအတွက် တိုင်ပင်ရန် ရှေ့နေကို ခေါ်လိုက်သည်။ ရှေ့နေရောက်လာသည့်အခါ...

"ကျုပ်လုပ်ငန်း၊ ကျုပ်အိမ်၊ ကျုပ်ရဲ့'စတော့'တွေ၊ကျုပ်ကားတွေ၊ အို...ကျုပ်ပိုင်ဆိုင်မှုအားလုံး ကျုပ်ဇနီးကို လွှဲပြောင်းပေးချင်တယ်"

အာရဘင်ရဲစတိန်းက ပြောပြလိုက်သည်။

"ဒီကိစ္စ ဆောင်ရွက်ဖို့ ဘာပြဿနာမှမရှိပါဘူး၊ စာချုပ်စာတမ်းတွေကို တစ်နာရီအတွင်း ပြီးစီးသွားအောင် ကျွန်တော်စီစဉ်လိုက်ပါ့မယ်"

ရှေ့နေကပြော၏။

သည်တွင် သေလုနီးလူက "နေဦးဗျ၊ ကျုပ်မှာ ပြောစရာတစ်ခုကျန်သေးတယ်၊ ကျုပ်ပိုင်သမျှအားလုံးကို အမွေခံနိုင်ဖို့ ကျုပ်သေဆုံးပြီး ခြောက်လအတွင်းမှာ ကျုပ်ဇနီးဟာ နောက်အိမ်ထောင်ပြုရမယ်"

"အတော်ဆန်းပါလား၊ ဒီအချက်ကို ဘာကြောင့် ထည့်ချင်ရတာလဲ"

ရှေ့နေက မေးကြည့်လေသည်။

သည်တွင် အာရဘင်ရဲစတိန်းက...


"ဘာကြောင့်ထည့်ချင်သလဲဆိုတော့...ကျုပ်အသေ စောတာကို တစ်စုံတစ်ယောက်သောသူ ဝမ်းနည်း စိတ်မကောင်းဖြစ်စေချင်လို့ပေါ့ဗျာ"ဟု ရှင်းပြသောဟူ၏။

ဒုက္ခ၁

**မူးနေသူ။** "ကနေ့ည'ပက်ဒီ'လာသွားပြီလား"

**ဆိုင်ရှင်။** "အဲ...လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ လာသွားတယ်၊ ဒါပေမဲ့ ကြည့်ပြီး ပြန်ထွက်သွားတယ်"

**မူးနေသူ။** "အဲဒီတုန်းက ကျုပ် သူနဲ့ ပါလာလား"





## သူခိုးက လူလိုဟစ်

စည်ကားနေသော အရက်ဆိုင်တွင်းသို့ လူတစ်ယောက် ဝင်လာပြီး "ဒီမှာ...ဒီမှာ...ခင်ဗျားတို့အားလုံးကို ကျုပ်အရက် တစ်ခွက်စီတိုက်မယ်၊ ကဲ...ဆိုင်ရှင်၊ ခင်ဗျားအတွက် ခင်ဗျားပဲ ထည့်ပါ"ဟု ပြောလေသည်။

ရက်ရက်ရောရော အရက်တိုက်သူကို အားလုံးက ဩဘာလက်ခုပ်ပေးကြ၏။ ဆိုင်ရှင်ကလည်း ခွက်တွေထဲ အရက်တွေဖြည့်နေရသဖြင့် မအားရတော့။ သူ့ခွက်ထဲကို လည်း သူက အကောင်းဆုံး ဘရန်ဒီအပြည့်ထည့်၏။ ပြီး လျှင် အရက်တိုက်သူအား "ဒီတစ်ခွက်က ၁၅၀ ပဲနော်"ဟု ကြိုတင်ပြောပြထားလိုက်၏။

www.burmeseclassic.com

အရက်တိုက်သူက ဆိုင်ရှင်ကို စူးစူးရဲရဲပြန်ကြည့်၏။ နောက်မှထိုလူက ခွက်ကိုမြှောက်လိုက်ပြီး"ဒီတစ်ပတ် ကျုပ်ငွေ နည်းနည်းပြတ်နေတယ်၊ စာရင်းမှတ်ထားလိုက်ဗျာ၊ နောက်တော့ ပေးမယ်"ဟု ပြော၏။

ဆိုင်ရှင် ဒေါသထွက်သွားပြီး ထိုလူ့ကော်လာကို ဆွဲ၍ ဆိုင်ပြင်ထုတ်လိုက်၏။

ခဏကြာသောအခါ ထိုလူပြန်ဝင်လာ၏။

သူ့နေရာဟောင်းမှာပင် သူဝင်ထိုင်လိုက်ကာ ဆိုင်ရှင်အား ခပ်တည်တည် ခိုင်းလေသည်။

"ဟောဒီက လူတွေအားလုံးကို ကျုပ်အရက်တိုက်တယ်၊ တစ်ခွက်စီပေးလိုက်ပါ၊ ဒါပေမဲ့ ခင်ဗျားအတွက်တော့ မပါဘူး၊ အရက်ဝင်သွားရင် ခင်ဗျား ပိုကောက်ကျစ်မှာ သေချာတယ်"

**ဘာသာပြန်သူ**

**ခင်မောင်တိုး(မိုးမိတ်)**